မြန်မာ့အလင်း
၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်၊ ၂၀၀၈ခုနှစ်၊ ဧပြီ ၁၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၇)၊ အမှတ်(၁၉၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

■ အခြေခံဥပဒေ အတည်ပြုရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။

ဆောင်ရမည့် သင်္ကြန်သန္နိဋ္ဌာန်

တန်ခူးလ သင်္ကြန်ရေသဘင်ပွဲတော်မှစ၍ တပေါင်းလ သဲပုံစေတီ ဗုဒ္ဓပူဇနီယပွဲတော် ဘုရားပွဲတော်အထိ ၁၂ လ၊ ၁၂ ရာသီလုံးလုံး ပွဲတော်တွေ မပြတ်တမ်း စည်ကားလျက်ရှိသောနိုင်ငံသည် မြန်မာနိုင်ငံသာလျှင်ဖြစ်တော့၏။ ယင်းပွဲတော်များသည် မြန်မာနိုင်ငံသားတို့၏ ယဉ်ကျေးမှုဓလေ့စဉ်လာနှင့် ပျော်ရွှင်အေးချမ်းသော လူနေမှုဘဝတို့ကို ထင်ရှားစွာဖော်ပြလျက်ရှိ၏။ ပထမနဝဒေး (၈၆၀-၉၅၀)၏ "နန်းထွက်အောင်စည်၊ နောင်တို့ပြည်ကား" အစချီ ရတုပိုဒ်စုံတွင် "တန်ခူးသည်က၊ လျှဉ့်လျှဉ့်စ၍၊ သန်လဆောင်းလျှင်၊ မည်သည်တွင်မှ၊ သဘင်မပြတ်နွေသို့ပတ်ရှင့်"ဟု သီကုံး မှတ်တမ်းတင်ထားခဲ့ပြီ။

ယခုတန်ခူးလ သင်္ကြန်ရေသဘင်ပွဲတော်ကား လှည်းနေလှေအောင်း မြင်းဇောင်းမကျန် တစ်နိုင်ငံလုံး စုရုံးပျော်မြူးကြသည့်ပွဲတော်ဖြစ်သဖြင့် ဤပွဲတော်အတွင်း ရှောင်ရန်၊ ဆောင်ရန်တို့ကို အထူးသတိထားလျက် ရေကစားသင့်ကြပါသည်။

နောက်ဆက်တွဲ ဆိုးကျိုးရလဒ်များ ဖြစ်ပွားစေနိုင်သည့် မည်သည့်ပြုမူ ပြောဆိုမှုမျိုးမဆို လုံးဝရှောင်ကြဉ်ကြရပါမည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်စုနှင့်တစ်စု မခံနိုင်လောက်အောင် နောက်ပြောင်ပြောဆိုကစားမှုမျိုး၊ ရေထွက်အားပြင်းသည့် ပိုက်ခေါင်းများ၊ ရေပူဖောင်းများနှင့်

စာမျက်နှာ ၃ ကော်လံ ၂ *

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံ

နေပြည်တော် ဧပြီ ၁၃

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ချင်းပြည်နယ်တို့မှ ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲအခမ်းအနားများကို ဧပြီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျိုင်းတုံမြို့နှင့် ဟားခါးမြို့တို့၌ ကျင်းပကြသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ဝင်များ တွေ့ဆုံပွဲကို ဧပြီ ၁၁ရက် နံနက် ၉ နာရီတွင် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■



ပြည်လုံးကျွတ် ဆန္ဒခံယူပွဲအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မဲရုံအမှတ်(၁)တွင် ဆန္ဒမဲပေးမှုသရုပ်ပြကြစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း သတင်းအညွှန်း

❐ တေးသီချင်းပေါင်း ငါးသိန်းအထိ သိမ်းဆည်းထားနိုင်သည့် အိုင်တီနည်းပညာမြင့် အိုင်ဘီအမ် MP3 စက်
ဆက်သွယ်ရေးနည်းပညာသစ် စာ - ၅

❐ ဟီလာရီကလင်တန်၏ ရွေးကောက်ပွဲ ရန်ပုံငွေအတွက် ခေတ်ပေါ်အဆိုကျော် အယ်လင်တန်ဂျွန် တေးဂီတဖျော်ဖြေ
နိုင်ငံတကာသတင်း စာ - ၆

❐ ဝါဒါဘာရီမင်ဂိုးပြတ်သွင်းပြီး ဒုတိယနေရာယူ
ကမ္ဘာတစ်လွှားအားကစား စာ - ၁၃

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် ဧပြီ ၁၄ ရက်)

ကုသိုလ်ကောင်းမှု ပွားများအားထုတ် ကောင်းမြတ်သော အကျိုးတရားများရရှိ

တန်ခူးလသည် ဂိမှာန်ဥတုကာလဖြစ်သဖြင့် အလွန်ပူပြင်းခြောက်သွေ့သော ရာသီဖြစ်သည်။ ပူပြင်းခြောက်သွေ့သောရာသီတွင် မြန်မာတို့၏ နှစ်သစ်ကူး အတာသင်္ကြန် ရေကစားခြင်းဖြင့် ပူလောင်မှုကို သက်သာရာရစေသည်။

သင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိကာလတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ရက်များဖြစ်သဖြင့် တိုင်းရင်းသားပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ ရေပက်ကစားကြသည်။ တစ်ဦးနှင့်တစ်ဦး ရင်းနှီးခင်မင်စွာ အတာရေပက်ဖျန်းကာ တပျော်တပါး ဆင်နွှဲကြသည်။

အေးမြသောရေ၊ မွှေးပျံ့သောရေတို့ဖြင့် သွန်းလောင်းကြ၍ ရေပက်သူရော၊ ရေပက်ခံရသူတို့ပါ ပျော်ရွှင်ကြည်နူးကြသည်။ အတာရေသည် အေးမြကြည်လင်သကဲ့သို့ အညစ်အကြေးများကို သန့်ရှင်းစင်ကြယ်စေသည်။ နှစ်ဟောင်းမှဘေးဥပဒ်အန္တရာယ်များ၊ စိတ်ဆိုးစိတ်ညစ်များ ကင်းစင်ပြီး နှစ်သစ်တွင် အေးချမ်းသာယာမှု၊ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှုများ လွှမ်းခြုံပေးစွမ်းလျက်ရှိသည်။

တန်ခူးချိန်ခါသင်္ကြန်ကာလနှင့် နှစ်သစ်မင်္ဂလာ အခါသမယတို့တွင် အခြားလရာသီများနှင့်မတူသော တစ်မူထူးခြားသည့် ကုသိုလ်ကောင်းမှုတို့ကို ပေါင်းစုလုပ်ကိုင်ကြသည်။

မြန်မာ့ရိုးရာအတာသင်္ကြန်ကာလတွင် ရေသဘင်ပွဲ ပါဝင်ဆင်နွှဲသူများရှိသလို ကုသိုလ်ပြုသူများကလည်း ဘုရား၊ ကျောင်း၊ ကန်၊ စေတီပုထိုးများသွားရောက်၍ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာ ပွားများအားထုတ်ခြင်း၊ အလှူဒါနပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

နှစ်ဆန်းတစ်ရက်နေ့တွင် သက်ကြီးရွယ်အို ဘိုးဘွား၊ မိဘ၊ ဆရာသမားတို့အား ခေါင်းလျှော်သန့်စင်ပေးခြင်း၊ ခြေသည်း လက်သည်းလှီးပေးခြင်း၊ ဆေးဝါးငွေကြေးတို့ဖြင့် ပူဇော်ကန်တော့ခြင်း စသည့် ကုသိုလ်ကောင်းမှုအစုစုကို ပြုလုပ်ကြသည်။

မြန်မာတိုင်းရင်းသားတို့သည် ထိုကောင်းမှုကုသိုလ်အစုစုကို ယဉ်ကျေးမှုထုံးတမ်းဓလေ့ အစဉ်အလာအဖြစ် စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

သို့ဖြစ်ရာ နှစ်သစ်မင်္ဂလာအချိန်ခါတွင် နိုင်ငံသူနိုင်ငံသားများ ကုသိုလ်ကောင်းမှု ပွားများအားထုတ်ခြင်းဖြင့် ဘေးရန်အပေါင်းမှ ကင်းဝေးပြီး ကောင်းမြတ်သော အကျိုးတရားများ ရရှိခံစားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သဂ္ဂထူပသောဏ္ဍာယ ဆံတော်ရှင် ရွှေစေတီတော်မြတ် ထီးတော်တင် ဗုဒ္ဓါဘိသေက မင်္ဂလာပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၃

ဆကေသဓာတုဝင်နှင့် သောဏ္ဍာယစေတီကျောက်စာအရ မြတ်စွာဘုရား ဗျာဒိတ်တော်ရ မြတ်စွာဘုရားဆံတော်ဓာတ်မြတ် ကိန်းဝပ်အပ်သော မွန်ပြည်နယ် ဘီးလင်းမြို့နယ် သဂ္ဂထူပသောဏ္ဍာယ ဆံတော်ရှင် ရွှေစေတီတော်မြတ်နှင့် အရံစေတီတော် ၆၅ဆူတို့အား (၁၃၇၀ပြည့် နှစ်ဆန်း ၂ရက်)ဧပြီ ၁၈ရက်(သောကြာနေ့)တွင် ထီးတော်တင် ဗုဒ္ဓါဘိသေက မင်္ဂလာပွဲ ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဆရာဦးစိုးမင်းသန်း ဖုန်း-၀၅၇-၆၄၉၅၀ ဘီးလင်းမြို့နှင့် ဦးအုန်းကြိုင် ဖုန်း-၅၀၁၄၅၂နှင့် ရန်ကုန်မြို့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၄-၄-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	မြန်မာသင်္ကြန်
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	မြန်မာသင်္ကြန်
၄း၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅	၆။	မျိုးချစ်တပ်မတော်
၄း၅၀	၇။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၂၀	၈။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၅း၃၀	၉။	ဗွီစီဒီကျော်ကြားတေးများ
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မြန်မာသင်္ကြန်
၆း၃၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သော ဤကမ္ဘာ** (အပိုင်း-၃)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မေးမြန်းစူးစမ်း
	၂၀။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သွေးသစ္စာအား** (အပိုင်း-၁၀)

မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရား၊ ရွှေကျီးမြင်ဘုရား၊ မဟာလောကရံသီ အိမ်တော်ရာစေတီနှင့် နန်းမြို့ဆုတောင်းပြည့်ဘုရားတို့တွင် ဆီမီးထွန်းညှိပူဇော်ပွဲ အခမ်းအနားများကျင်းပ

နေပြည်တော် ဧပြီ ၁၃

မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရား၊ ရွှေကျီးမြင်ဘုရား၊ မဟာလောကရံသီ အိမ်တော်ရာစေတီနှင့် မန္တလေးနန်းမြို့ဆုတောင်းပြည့်ဘုရားတို့တွင် မတ် ၂၂ရက် ညပိုင်းက ဆီမီးထွန်းညှိပူဇော်ပွဲအခမ်းအနားများ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့်ဇနီး ဒေါက်တာဒေါ်ခင်သီတာ တက်ရောက်ကြည်ညိုပြီး ဆီမီးများထွန်းညှိ ပူဇော်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

ညောင်ပင်ဆိပ် တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၁၃

မွန်ပြည်နယ် မော်လမြိုင် စက်မှုဇုန်အနီး ညောင်ပင်ဆိပ်တောရတိုက်ကျောင်း တေဇစက္ကီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၏ (၃၅)ကြိမ်မြောက် သင်္ကြန်ရာသီ ခုနစ်ရက် တရားစခန်းပွဲတွင် ပဓာနနာယကဆရာတော် မွန်ပြည်နယ် သံဃနာယကအဖွဲ့(မူလဒ္ဒါရ) ပြည်နယ်အကျိုးဆောင် ဆရာတော် ဘဒ္ဒန္တဝိသုတ အရှင်သူမြတ်က တရားစခန်းဝင်ယောဂီများအား နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်ကို ဧပြီ ၁၁ရက်မှ ၁၈ရက်အထိ ဟောကြားလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့နေ အသွားသီလက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မျက်စိကုလေဆာစက်နှင့် ဆွမ်းတစ်နေ့စာအတွက် အလှူငွေကျပ် ၅၁၅၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်နှင့် အကျိုးဆောင် စာရင်းစစ် ဦးဝင်းထိန်တို့က လက်ခံယူစဉ်။ (က-ပ)

သမိုင်းဝင်ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၁၃

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်း တန်းတော်ကြီးတည် ဆောက်ရန်အတွက် မရမ်းကုန်း မြို့နယ် (၂)ရပ်ကွက် ဦးရေခဲလမ်း သီရိမေတ္တာခြံ အမှတ်၉၇နေ မိခင် ဒေါ်ခင်မာနွယ် သုံးနှစ်ပြည့်အား ရည်စူး၍ မောင်ခိုင်ဇင်က အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးဘချိုနှင့် ဦးအေးမြင့်တို့က

လက်ခံယူသည်။ **(အောက်ပုံ)** အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များ အနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆၊ ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

● အခြေခံဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။

● ဘယ်သူခွဲခွဲ ဒို့မကွဲ ပေးကြပါစို့ ထောက်ခံမဲ။

■ *ရှေ့ဖုံးမှ*

တွေ့ဆုံပွဲသို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးစိုင်းရီနှင့် ဦးအားလယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်၊ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံးမှူးများနှင့် မဲရုံအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

တွေ့ဆုံပွဲတွင် သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဦးစိုင်းရီက အဖွင့်အမှာစကားပြောကြားပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးအားလယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြအောင်တို့က အသီးသီး အမှာစကားပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြည်နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌက ပြန်လည် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်များသည် မဲရုံအမှတ်(၁)တွင် ဆန္ဒမဲပေးမှု သရုပ်ပြခြင်းကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

* *ရှေ့ဖုံးမှ*

တမင်မခံနိုင်အောင် ဖျန်းပက်ပေါက်ထုကစားခြင်းမျိုး၊ စက်တပ်ယာဉ်များကို အဆင်အခြင်မဲ့ မောင်းနှင်ခြင်းမျိုး၊ အရက်သေစာအလွန်အကျွံ သောက်စားမောင်းနှင်ခြင်းမျိုး၊ သမီးချင်းမစာနာ၊ နမချင်းမစာနာ ကိုယ်ချင်စားကင်းသော ရိုင်းပျခြင်းမျိုးနှင့်တကွ ဆွမ်းခံကြွကြသည့် ရဟန်းသာမဏေများ၊ ဘုရားသွားကျောင်းတက်ကြသည့် လူကြီးသူမများ၊ တာဝန်ဖြင့်သွားလာကြရသည့် စာပို့၊ သတင်းစာပို့ဝန်ဆောင်များ စသည်တို့ကို ရေပက်ခြင်းမှ ရှောင်ကြဉ်ကြရပါမည်။

နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းနေသော ကာလဖြစ်သည်နှင့်အညီ နှစ်ဟောင်း၏ အမွေအနှစ်ကောင်းတို့ကို မပျက်ပြယ် မလွင့်မျောစေဘဲ နှစ်သစ်မှာ ပိုမိုတောက်ပအောင် စွမ်းဆောင်ရေး၊ နှစ်သစ်၌ အဖြစ်သစ် အဖြစ်ကောင်းတို့ ထုံလောင်းကြိုင်လှိုင်နေအောင် ကြိုးပမ်းနိုင်ရေးတို့အတွက် ဆောင်ရန်အဖြစ် မျှော်တွေးကြံဆောင်ကြရပါမည်။

ရတနာသုံးပါးအား ပိုမိုဆည်းကပ်ခြင်း၊ မိဘနှင့် ဆရာသမားတို့အား ပိုမိုအားထားခြင်းဟူသော အစဉ်အလာကောင်းများနှင့်တကွ မိဘတို့၏ အတွေ့အကြုံများမှ ဖြစ်ပေါ်လာသည့် ဘဝနေနည်းကောင်းများကို သားသမီးတို့က ခံယူနိုင်ရေး၊ ဆရာသမားများ၏ အသွန်အသင်ကောင်းများကို တပည့်တပန်းများက တမြတ်တနိုးတန်ဖိုးထား သင်ကြားဆည်းပူးနိုင်ရေးတို့အတွက် နှစ်သစ်မှာ အားသစ် အင်သစ် သွန်းလောင်းကြရပါမည်။

ကောင်းကျိုးချမ်းသာတို့ကို အမှန်တကယ် ဆောင်ကြဉ်းပေးမည့် ကာယကံကောင်း၊ ဝစီကံကောင်း၊ မနောကံကောင်းတို့ကို တစ်နိုင်ငံလုံးအတိုင်းအတာအရ တက်ကြွစုစည်းစွာ ဆည်းပူးနေကြရမည့်အပြင် မိမိ၏ ကြံစည်၊ ပြောဆို၊ ပြုမူမှုအားလုံးသည် မိမိဘဝ၊ မိမိ မိသားစုဘဝ၊ မိမိပတ်ဝန်းကျင်ဘဝနှင့်တကွ မိမိ၏ ဘာသာ၊ သာသနာ၊ မိမိ၏ နိုင်ငံအကျိုးအတွက် ရေတစ်မှုတ်၊ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပဲဖြစ်ဖြစ် ဖြစ်ထွန်းစေရမည် ဟူသော သန္နိဋ္ဌာန်ကိုသာ ဆောင်ရန်အဖြစ် အားသစ်ဖြိုးဖြိုး မြဲမြဲခိုင် ဆုပ်ကိုင်ဆောင်ထားအပ်ကြပါသတည်း။

မောင်ရတနာ

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဧပြီ ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် မတ် ၃၁ရက်တွင် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း လိုက်ပါလျက် ကန်ပက်လက်မြို့သို့ရောက်ရှိပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အသင်းအလုပ်အမှုဆောင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးနှင့် စည်းရုံးရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် ကန်ပက်လက်မြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတွင် မိုးကုတ်မြို့နေ အလှူရှင် ဦးနန္ဒ-ဒေါ်ကာလဝတီမိသားစုတို့၏ ဗုဒ္ဓဘာသာသို့ ကူးပြောင်းပြီးသော ဒေသခံတိုင်းရင်းသားများ၏ ရှင်အပါး၅၀၀ စုပေါင်းရဟန်းခံ ရှင်ပြုပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ဧပြီ ၁ရက်တွင် ကျင်ဒွေးတိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး လူနာများအား အားပေးစကားပြောကြားကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ကျင်ဒွေးကျေးရွာ ထေရဝါဒ ဗုဒ္ဓဘာသာသာသနာပြုကျောင်း ဆရာတော် ဘဒ္ဒန္တတိက္ခအား သွားရောက်ဖူးမြော်ကြည်ညိုကာ ရန်ကုန်မြို့နေ ဦးစိန်တင်-ဒေါ်ရှုဟုန်၊ ဦးအောင်သိန်း-သီရိသုဓမ္မသိင်္ဂီ ဒေါ်လုံးတင်တို့အား အမှူးထား၍ ဒေါက်တာကျော်ခိုင်-သုဓမ္မသိင်္ဂီ ဒေါ်စိန်ထွေး၊ သား မောင်သက်တင်စိုး၊ မောင်ဝင်းမောင် ခိုင်သစ္စာကျောက်မျက်ကုမ္ပဏီ မိသားစုတို့၏ ရှင်အပါး ၁၅၀ စုပေါင်း ရဟန်းခံရှင်ပြုပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဆရာတော် သံဃာတော်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တွေ့ဆုံ

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ကျေးရွာအခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းခန်းမ၌ မုန်းချောင်းဒေသရှိ ကျေးရွာ ၁၄ အုပ်စုမှ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကျေးရွာ စည်းရုံးရေးမှူးများနှင့် ကျေးရွာပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေများ၊ အဝတ်အထည်များနှင့် ခါရိုင်းကျေးရွာအတွက် ရောင်စုံရုပ်မြင်သံကြားစက်၊ ဂြိုဟ်တုစလောင်းဖမ်းစက် တစ်စုံတို့အား ပေးအပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ဧပြီ ၃ရက်တွင် မင်းတပ်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ပန်အော့၊ လီလောင်း၊ မင်း၊ ပူကွန်းနှင့် ဒေါက်ဒွေ ကျေးရွာများသို့ ရောက်ရှိပြီး အခြေခံပညာ မူလတန်းကျောင်းတွင် ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ အဝတ်အထည်များ ပေးအပ်လှူဒါန်းသည်။

ထောက်ပံ့

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ဧပြီ ၄ရက်တွင် ဝမ္မသူးတိုက်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူနေသော လူနာများအား အားပေးစကား ပြောကြားကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ထိုမှတစ်ဆင့် စွန်တောင်ကျေးရွာသို့ရောက်ရှိပြီး အခြေခံပညာ မူလတန်းကျောင်းတွင် ကျေးရွာလူထုနှင့် တွေ့ဆုံ အမှာစကား ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ဧပြီ ၅ရက်တွင် မတူပီမြို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများနှင့် တွေ့ဆုံ အမှာစကားပြောကြားသည်။

ရေပေးဝေရေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် မတူပီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ပျိုးထောင်ထားသော လက်ဖက်ပျိုးခင်းသို့ ဝင်ရောက်ကြည့်ရှု စစ်ဆေးပြီး စောင်းထီးယားကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျေးရွာအုပ်စု သုံးစုမှ ကျေးရွာပြည်သူများအား တွေ့ဆုံ အမှာစကားပြောကြား၍ ကျေးရွာ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

လှူဒါန်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ရေဇွာမြို့သို့ ရောက်ရှိပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိ ရပ်ဖများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ဧပြီ ၆ရက်တွင် ရှာဗားကျေးရွာ၌ ကျေးရွာအုပ်စု ငါးစုမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ အမှာစကားပြောကြားသည်။

ရင်းရင်းနှီးနှီး

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ဧပြီ ၇ရက်တွင် မတူပီမြို့ ထပ်ဒွန်းအောက်မေ့ဖွယ်ရာဘုရားကျောင်း၌ သိက္ခာတော်ရ ဆရာတော်များ၊ ဓမ္မဆရာများ၊ အသင်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကားပြောကြားသည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ဧပြီ ၈ရက်တွင် မင်းတပ်မြို့နယ် အသင်းရုံး၌ ခရိုင်နှင့်မြို့နယ်အသင်း အလုပ်အမှုဆောင်များနှင့် တွေ့ဆုံ အမှာစကားပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ချင်းပြည်နယ်

ထို့အတူ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်များနှင့် ချင်းပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲကို ဧပြီ ၁၀ရက် နံနက် ၉နာရီတွင် ဟားခါးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးတင်အေးက အမှာစကားပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မြင့်က ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး၊ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဥပဒေနှင့် နည်းဥပဒေများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များအပေါ် သဘာပတိ ဦးတင်အေးက ပြန်လည် ရှင်းလင်းဖြေကြားသည်။

သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးစိုင်းရီ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ဝင်များ တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးတင်အေး၊ဦးစောဝင်းအောင်၊ ဒေါက်တာမှုထန်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ ဈေးသစ်ရပ်ကွက်ရှိ ချင်းဦးစီးအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည့် မဲရုံနမူနာနှင့် မဲဆန္ဒပေးပုံအဆင့်ဆင့် လက်တွေ့ သရုပ်ပြသရှင်းလင်းမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းစာအုပ်များကို မြန်မာနိုင်ငံ မြို့နယ်အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ စာကြည့်တိုက်များ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများရှိ စာကြည့်တိုက်များတွင် လေ့လာဖတ်ရှုနိုင်သည့်အပြင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်များနှင့် ပြင်ပစာအုပ်ဆိုင်များ၌လည်း ဝယ်ယူဖတ်ရှုနိုင်ရန် စီစဉ်ပေးထားပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ တော်ဝင်ပတ္တမြားဆောက်လုပ်ရေးမိသားစု ရေကစားမဏ္ဍပ်၌ သင်္ကြန်အကျနေ့က တပျော်တပါး ရေပက်ကစားကြစဉ်။ (မြန်မာ့အလင်း)

အီရတ်မှ ဩစတြေးလျတပ်ဖွဲ့ဝင်များ မူလအစီအစဉ်အတိုင်း ရုပ်သိမ်းမည်ဟုကြေညာ

ကင်ဘာရာ ဧပြီ ၁၃

အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးကို လောလောဆယ် ရပ်ဆိုင်းထားရန် အမေရိကန်က ဆုံးဖြတ်သော်လည်း ဩစတြေးလျနိုင်ငံအနေဖြင့် မူလအစီအစဉ်အတိုင်း ဩစတြေးလျတပ်ဖွဲ့ဝင်များကို အီရတ်မှ ဆက်လက်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ဩစတြေးလျကာကွယ်ရေးဝန်ကြီးဖစ်ဂစ်ဘွန်က ဧပြီ ၁၁ ရက်၌ ပြောကြားသည်။

အီရတ်စစ်ပွဲ ပြီးဆုံးသည်မှာ ငါးနှစ်ကြာပြီဖြစ်သော်လည်း ယခုတိုင် လုံခြုံရေး စိတ်မချရဖြစ်နေသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်များ ပြန်ခေါ်ရေးကို ရပ်ဆိုင်းထားရန် သမ္မတဘုရှ်က အမိန့်ထုတ်ထားသည်။

ထိုသို့သော အမေရိကန်၏ ဆုံးဖြတ်ချက်ကြောင့် ဩစတြေးလျနိုင်ငံက မိမိ အစီအစဉ်ကို ပြောင်းလဲမည်မဟုတ်ကြောင်း ကာကွယ်ရေးဝန်ကြီးဖစ်ဂစ်ဘွန်က အေဘီစီ အသံလွှင့်ဌာနသို့ ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပထမအကြိမ် စွမ်းအင်ဆိုင်ရာ အာဆမ်ဖိုရမ် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းတွင် ကျင်းပ

ဟန္နိုင်း ဧပြီ ၁၃

အာရှ-ဥရောပ အစည်းအဝေး(အာဆမ်)၏ ပထမအကြိမ် စွမ်းအင်ဖူလုံရေးဆိုင်ရာ ဖိုရမ်ကို ဟန္နိုင်းမြို့၌ ဧပြီ ၁၁ရက်ကဖွင့်လှစ်ခဲ့ပြီး စွမ်းအင်ဖူလုံရေးဆိုင်ရာမူဝါဒ၊ အာဆမ်အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းအင်ဖူလုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ထိန်းသိမ်းရေးစသော အခန်းကဏ္ဍများကို သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ခိုင်မာစွာဆောင်ရွက်

ယင်းဖိုရမ်သည် အာဆမ်အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းအင်အရင်းအမြစ်သစ်များ ရှာဖွေဖော်ထုတ်လုပ်ရေး၊ စွမ်းအင်ကူးသန်းရောင်းဝယ်ရေး၊ စွမ်းအင်အတွေ့အကြုံများဖလှယ်ရေး၊ နည်းပညာဖလှယ်ရေး၊ ရင်းနှီးမြှုပ်နှံရေးစသောကဏ္ဍများကို ခိုင်မာစွာ ဆောင်ရွက်လုပ်ကိုင်နိုင်မည့် ဖိုရမ်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဖန်ဂျီယာခိုင်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နယ်စပ်ဖြတ်ကျော် ဖုန်းပစ္စည်းမှောင်ခိုဂိုဏ်း တရုတ်တောင်ပိုင်း၌ ဖြိုခွင်းဖမ်းဆီးမိ

ရှင်ကျင့် ဧပြီ ၁၃

တရုတ်နိုင်ငံတောင်ပိုင်း ဂွမ်ဒေါင်းပြည်နယ်၌ နယ်စပ်ဖြတ်ကျော် မှောင်ခိုဂိုဏ်းတစ်ဂိုဏ်းကို ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ဆင်ဟွာသတင်းက ဖော်ပြသည်။

အဆိုပါ မှောင်ခိုဂိုဏ်းအဖွဲ့ဝင်ကိုးဦးကို လောဟုခရိုင် ရှင်ကျင့်မြို့၌ ဧပြီ ၉ ရက်က ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ရှင်ကျင့် အကောက်ခွန် အရာရှိများက ဧပြီ ၁၁ ရက်တွင် ပြောကြားလိုက်သည်။

ဖမ်းဆီး

ယင်းဂိုဏ်းအဖွဲ့ဝင် ကိုးဦးနှင့်အတူ နိုကီယာဖုန်းအလုံး ၃၀၀၊ ဆဲလ်ဖုန်းဘက်ထရီ အလုံး ၃၀၀ နှင့် ဆဲလ်ဖုန်း အယ်လ်စီဒီ စက္ကူရင်အခု ၉၀၀ တို့ကိုလည်း ဖမ်းဆီးလိုက်သည်ဟု ဆိုသည်။

ထိုစဉ်အတွင်း ဟောင်ကောင်အကောက်ခွန် အရာရှိများကလည်း လူသုံးဦးနှင့် အတူ ဆဲလ်ဖုန်းအလုံး ၁၁၉၀ နှင့် ဆဲလ်ဖုန်း အယ်လ် စီဒီစက္ကူရင် ၄၈၅၀တို့ကို ဖမ်းဆီးလိုက်သည်ဟု ဆိုသည်။

အဆိုပါ မှောင်ခိုကုန်ပစ္စည်းများ တန်ဖိုးသည် ယွမ်ငါးသန်း (အမေရိကန်ဒေါ်လာ ၇၂၄၂၈၆) တန်ဖိုးရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ခင်းကျင်းပြသ

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့ နွေရာသီပန်းအလှပွဲတော်တွင် ကလေးငယ်တစ်ဦးနှင့်အတူ ခင်းကျင်းပြသထားသည့် ပန်းပြကွက်တစ်ခုကို ဧပြီ ၁၂ရက်က ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ဆိုမာလီယာ ပင်လယ်ဓားပြများအား ပြင်သစ်ကွန်မန်ဒိုများ ဝင်ရောက်စီးနင်း

ပါရီ ဧပြီ ၁၃

ပြင်သစ် ကွန်မန်ဒို တပ်ဖွဲ့ဝင်များသည် ဇိမ်ခံရွက်သင်္ဘောကြီးမှ ဖမ်းဆီးထားသော ဓားစာခံ ၃၀ ကို ပြန်လွှတ်ပေးခဲ့ပြီးနောက် ဆိုမာလီယာ ပင်လယ်ဓားပြအုပ်စုတစ်စုကို ရဟတ်ယာဉ်ဖြင့်ဝင်ရောက်စီးနင်းခဲ့ကြောင်း ဧပြီ ၁၂ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ငြင်းဆို

ထိုသို့စီးနင်း တိုက်ခိုက်မှုကြောင့် အနည်းဆုံး သုံးဦး သေဆုံးသွားကြောင်း ဒေသခံများက ပြောကြားသည်။ သို့သော်လည်း ပြင်သစ်တပ်များက ငြင်းဆိုထားသည်။

ပြန်ပေးဆွဲ

ဆိုမာလီယာပင်လယ်ဓားပြများသည် လွန်ခဲ့သောသီတင်းပတ်က အဒမ်ပင်လယ်ကွေ့အတွင်း ရွက်သင်္ဘောနှင့်အတူ သင်္ဘောသား ၃၀ ကို ပြန်ပေးဆွဲသွားခဲ့သည်ဟု ဆိုသည်။ ယင်းရွက်သင်္ဘောသည် တန်ချိန် ၈၅၀ ရှိသည်။ **(အင်တာနက်)**

စီးနင်းတိုက်ခိုက်

ပြင်သစ်ဇိမ်ခံသင်္ဘောကို ဖမ်းဆီးခဲ့သော ဆိုမာလီယာ ပင်လယ်ဓားပြအုပ်စုအား ပြင်သစ်ကွန်မန်ဒိုများက ရဟတ်ယာဉ်ဖြင့် စီးနင်းတိုက်ခိုက်ခဲ့သည်ကို ဧပြီ ၁၂ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

မြန်မြန်အကောင်အထည်ဖော်ပါ ....

ရထားတစ်စင်းပေါ်တွင် အသက် ၁၈ နှစ်အရွယ် အစ်မဖြစ်သူအား ဂျီကျနေသော နှစ်နှစ်အရွယ် သားငယ်ကို မိခင်ဖြစ်သူက ရပ်တန့်အောင် ပြောကြားလျက်ရှိရာ...

မိခင် ။ ။ သား... မမကို ဂျီမကျရဘူးလေ...

သားငယ် ။ ။ ဟင့်အင်း...ဟင့်အင်း... မမချီပါ...

မိခင် ။ ။ သား...အဲဒီလိုဂျီကျနေရင်...သားရဲ့မမကို ဒီကဦးဦးကို ပေးလိုက်မှာနော်...

[ထိုသို့ပြောလိုက်ရာ အနီးရှိအမျိုးသားတစ်ဦးက ပြုံးသွားလေသည်။]

သားငယ် ။ ။ မမ...ချီပြီးသီချင်းဆိုပြ...

မိခင် ။ ။ သား... အဲဒီလိုပြောမရရင်... မမကို ဒီကဦးဦးနဲ့ ထည့်ပေးလိုက်မှာနော်...

[အနီးရှိအမျိုးသားကလည်း ပြုံးလျက်ရှိနေသည်။ အတန်ကြာသော်...]

အမျိုးသား ။ ။ ဒီကအစ်မကြီး...အစ်မကြီးပြောတဲ့အစီအစဉ် ဘယ်တော့ ဖြစ်မှာလဲဟင်... ကျွန်တော်ဆင်းရမယ့်ဘူတာ သုံးဘူတာတောင် ကျော်လာပြီ...

မိခင် ။ ။ " ရှင် "

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

အမှောင်လမ်းကို လျှောက်လှမ်းမိခဲ့ရာဝယ်

ဂတ်စတာဗိုရီဗီရာမာတီနက်ဇ်။

လော့စ်အိန်ဂျလိစ်မြို့သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အနောက်တောင်ပိုင်း ကမ်းရိုးတန်းရှိ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်ပြီး လူဦးရေ လေးသန်းကျော်နေထိုင်သည့် စည်ကားလှသော မြို့ကြီးတစ်မြို့ဖြစ်သည်။ ထို့အပြင် လော့စ်အိန်ဂျလိစ်မြို့သည် အမေရိကန်နိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့၏ နယ်စပ်အနီးတွင် တည်ရှိသည်။

လာဘ်မြင်

ဂတ်စတာဗိုရီဗီရာမာတီနက်ဇ်သည် လော့စ်အိန်ဂျလိစ်မြို့ဖွား အမေရိကန်နိုင်ငံသားဖြစ်သည်။ သူသည်ကြေးရတတ် မိဘများမှ ဆင်းသက်လာသူတစ်ဦး ဖြစ်ပြီး ဘွဲ့ရ ပညာတတ်တစ်ဦးလည်း ဖြစ်သည်။ ဘွဲ့ရပြီးသောအခါ ရီဗီရာသည် မိဘများ၏ အရောင်းအဝယ် လုပ်ငန်းတွင် ဦးစီး လုပ်ကိုင်ကာ မိဘများကို အနားယူစေပြီး ကျေးဇူး ပြန်ဆပ်ခဲ့သည်။ သူသည် အလုပ် လုပ်ကိုင်ရာတွင် အကင်းပါးကာ စီးပွားရေးတွင် လာဘ်မြင်သူ ဖြစ်သည်။

ရီဗီရာသည် စီးပွားရေးကို တိုးချဲ့လုပ်ကိုင်ရာမှ ငွေကြေးရင်းနှီးလျှင် ရင်းနှီးသလောက် အမြတ်အစွန်းများသောလုပ်ငန်းတစ်ခုကို တွေ့ရှိသွားတော့သည်။ အရောင်းအဝယ်လုပ်ရာတွင် ရိုးရိုးသားသား ရောင်းဝယ်ပါက ထိုက်သင့်သလောက် မြတ်စွန်းမည် ဖြစ်သည်။ သို့သော်လည်း ရီဗီရာသည် ထိုသို့ရောင်းဝယ်နေခဲ့ရာမှ အမြတ်အစွန်းများသည့် လုပ်ငန်းကို တွေ့ရှိသွားသောအခါတွင်မူ သူ၏ မူလအရောင်းအဝယ်လုပ်ငန်းကို အပေါ်ယံ ဗန်းပြအနေဖြင့် လုပ်ကိုင်ပြီး အမြတ်အစွန်းများသည့်လုပ်ငန်းကို နောက်ကွယ်တွင် လုပ်ကိုင်ခဲ့လေသည်။ ထိုကဲ့သို့ လုပ်ကိုင်ခဲ့မှုကြောင့်ပင် သူ၏စီးပွားရေးမှာ ဒီရေအလား တစ်ဟုန်ထိုး တိုးတက်ခဲ့သည်။ မိဘများက ရီဗီရာ၏ ခြေလှမ်းမှားနေသည့် လုပ်ရပ်ကို ရိပ်စားမိသည့်အတွက် အချိန်မီ ပြုပြင်ရန်သတိပေးခဲ့သော်လည်း နားဝင်ခြင်းမရှိဘဲ အမှောင်လမ်းသို့ ဇွတ်တိုးဝင်ခဲ့လေသည်။ ရီဗီရာ ဇွတ်တိုးလျှောက်လှမ်းခဲ့သော အမှောင်လမ်းမှာ မူးယစ်ဆေးဝါးများကို ကူးသန်းရောင်းဝယ်သည့် လုပ်ငန်းပင်ဖြစ်သည်။ သူနေထိုင်ရာ လော့စ်အိန်ဂျလိစ်မြို့သည် မက္ကဆီကိုနိုင်ငံ နယ်စပ်နှင့် အလှမ်းနီးသဖြင့် မူးယစ်ဆေးဝါးမှောင်ခို ရောင်းဝယ်မှု စလုပ်ကတည်းက ယင်းနိုင်ငံ၏ နယ်စပ်ဒေသသည် သူ့အတွက် အိမ်ဦးနှင့် ကြမ်းပြင်သဖွယ် ဖြစ်ခဲ့သည်။ နှစ်နိုင်ငံ နယ်စပ်ဒေသသည် သူ့အတွက် မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်ရေးအတွက် အဆင်အပြေဆုံး ဒေသဖြစ်ခဲ့သည်။ ထိုသို့ အရောင်းအဝယ်လုပ်ရာတွင် သူ၏ ပါးရည်နပ်ရည်ရှိမှု၊ လိမ္မာကျွမ်းကျင်မှုတို့ကြောင့် နှစ်ပေါင်းအတန်ကြာ ဆုံးရှုံးမှုမရှိဘဲ ကြံစည်တိုင်း အောင်မြင်နေခဲ့သည်။ ထိုသို့ အဖုအထစ် မရှိမှုကြောင့်လည်း ရီဗီရာသည် သူ၏မူးယစ်မှောင်ခိုလုပ်ငန်းတွင် ယုံကြည်မှု လွန်ကဲကာ အတင့်ရဲသည်ထက် ရဲလာခဲ့တော့သည်။ ထိုသို့ လက်ရဲဇက်ရဲ ရှိလာမှုကပင် သူ့အား ဒုက္ခတွေ့စေဖို့ ဖန်လာခဲ့လေသည်။

ထွက်ပြေးလွတ်မြောက်

ရီဗီရာသည် မက္ကဆီကိုနိုင်ငံ အနောက်မြောက်ပိုင်းနယ်စပ် ဘာဂျာကယ်လီဖိုးနီးယားပြည်နယ် တီဂွါနာမြို့ ဆိုသည့် နယ်စပ်မြို့လေးကို အခြေပြုကာ မက္ကဆီကိုနိုင်ငံမှ မူးယစ်ဆေးဝါးများကို အမေရိကန်နိုင်ငံအတွင်းသို့ မှောင်ခိုတင်သွင်းခဲ့သည်။ အဆိုပါလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရင်းမှ တီဂွါနာ မူးယစ်မှောင်ခိုဂိုဏ်းကို တည်ထောင်ခဲ့သူ ခေါင်းဆောင်များအနက်မှ တစ်ဦးဖြစ်သည့် ဖရန်စစ္စကိုဂျာဗီယာအရီလာနိုဖီလစ်ဆိုသူနှင့် ရင်းနှီးကျွမ်းဝင်ကာ ဆရာတင်ခဲ့လေသည်။ သူတို့၏ တီဂွါနာမူးယစ်မှောင်ခိုဂိုဏ်းကို သက်ဆိုင်ရာ အာဏာပိုင်များက တစ်စတစ်စ ခြေရာခံမိလာခဲ့ပြီးနောက် ၂၀၀၂ ခုနှစ်တွင် လိုက်လံဖမ်းဆီးခဲ့ကြသည်။ သို့သော်လည်း ရီဗီရာနှင့်သူ၏ဆရာ ဖရန်စစ္စကိုတို့မှာ ထွက်ပြေးလွတ်မြောက်ခဲ့ပြီး ဝရမ်းပြေးအဖြစ် ကြေညာခံခဲ့ရသည်။

သူတို့ နှစ်ဦးသည် ငါးနှစ်တာ လွတ်မြောက်နေခဲ့ပြီးနောက် ဆရာဖြစ်သူ ဖရန်စစ္စကိုသည် လွန်ခဲ့သည့် ၂၀၀၇ ခုနှစ်က မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့၏ ဖမ်းဆီးခြင်းကိုခံခဲ့ရပြီး တစ်သက်တစ်ကျွန်း ထောင်ဒဏ် ကျခံခဲ့ရသည်။ ရီဗီရာသည် ၂၀၀၂ခုနှစ်ကတည်းက သူ့အားဖမ်းမိလျှင် ဒေါ်လာ နှစ်သန်းဆုချမည်ဟု ကြေညာခံထားရသူဖြစ်သည်။ သူ့အား အက်ဖ်ဘီအိုင်နှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေး ဌာနများက အလိုရှိနေခဲ့သည်။

ဖမ်းဆီးနိုင်ခဲ့

၂၀၀၈ ခုနှစ် မတ် ၁၃ ရက်သည် ရီဗီရာအတွက် ကံဆိုးမိုးမှောင်ကျသော နေ့ဟု ဆိုရပေမည်။ အကြောင်းမှာ မက္ကဆီကို ရဲတပ်ဖွဲ့သည် ၎င်းတို့၏ နိုင်ငံအတွင်း ကျက်စားကာ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်လုပ်ကိုင်နေသူ ရီဗီရာအားလက်ရဖမ်းဆီးနိုင်ခဲ့သောကြောင့် ဖြစ်သည်။ ရီဗီရာအား မက္ကဆီကိုမူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့က အမေရိကန်နိုင်ငံသို့ အမြန်ဆုံး လွှဲပြောင်းပေးခဲ့သည်။ ရီဗီရာအဖို့ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှု၊ ငွေကြေးခဝါချမှုဟူသော စွဲချက်များဖြင့် ထောင်ဒဏ်မည်မျှကျခံရဦးမည် မသိပေ။

ထို့ကြောင့် မိဘစကားကို နားမထောင်ဘဲ အမှောင်လမ်းကိုလျှောက်လှမ်းမိခဲ့သူ ဂတ်စတာဗိုရီဗီရာမာတီနက်ဇ်၏ အဖြစ်ကို သင်ခန်းစာယူဖွယ်ရာ မှုခင်းဖြစ်ရပ်အဖြစ် ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် - ကိုးကားရေးဖွဲ့သည်

14-4 (04).pmd 1 4/14/2008, 2:24 AM

အင်္ဂါဂြိုဟ်၏ နောက်ဆုံးအခြေအနေနှင့် ဂြိုဟ်ပေါ်တွင် နောက်ဆုံးရှာဖွေတွေ့ရှိချက်

အာကာသသိပ္ပံ

ဟာဝိုင်ယီ မေ ၁၃

အမေရိကန်နိုင်ငံ ဟာဝိုင်ယီ တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် မကြာသေးမီက အင်္ဂါဂြိုဟ် **(အောက်ပုံ)** ၏ တောင်ခြမ်းတွင် ကလိုရိုဒ်ဆားကို တွေ့ရှိခဲ့သည်။



အပူထုတ်လွှတ်မှု ပုံရိပ်ရိုက်ကူးရေးဂြိုဟ်တု ယင်းဂြိုဟ်ပေါ်သို့ဆင်းသက်ခဲ့စဉ် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး တစ်ချိန်က အင်္ဂါဂြိုဟ်ပေါ်တွင် ရေထုထည်ပမာဏ ကြီးမားစွာရှိခဲ့ကြောင်း လှစ်ဟလိုက်ခြင်းပင်ဖြစ်သည်။

လူတို့သည် အစောပိုင်းခေတ်ကတည်းက ယနေ့အထိ အင်္ဂါဂြိုဟ်သို့ သွားရောက်ကာ ယင်းဂြိုဟ်ပေါ်တွင်အသက်ရှင်နိုင်ခြင်းရှိမရှိနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများကို ဗဟုသုတအဖြစ် လေ့လာခဲ့သည်။ လူသားများသည် ၂၀၀၄ခုနှစ်က အင်္ဂါဂြိုဟ်ပေါ်သို့ ဂျေပီအယ်လ်မားစ်ဖိုးနစ် အာကာသယာဉ်ဖြင့် ပထမဆုံးခြေချပြီး အင်္ဂါဂြိုဟ်၏ မြေဆီလွှာကိုရယူ သုတေသနပြုနိုင်ခဲ့ကြခြင်း ဖြစ်သည်။

၂၀၀၈ခုနှစ် မေ ၃ ရက်တွင်မူ အင်္ဂါဂြိုဟ်ခရီးစဉ် ထိန်းသိမ်းကြီးကြပ်သူများက ဂျေပီအယ်လ်မားစ်ဖိုးနစ် အာကာသယာဉ်နှင့်အတူ သယ်ဆောင်သွားသော ဒုံးအငယ်စားများကို ယင်းဂြိုဟ်၏ ဝင်ရိုးစွန်းဒေသများသို့ ၃၅စက္ကန့်ကြာမျှ ပစ်လွှတ်စမ်းသပ်နိုင်ခဲ့ပြီး အောင်မြင်ပါက ယင်းအာကာသယာဉ်သည် ယင်းဂြိုဟ်ပေါ်သို့ ပထမဦးဆုံး ဆင်းသက်နိုင်ခဲ့သည့်အပြင် မြေဆီလွှာ၊ ရေတို့နှင့်ပတ်သက်ပြီး သုတေသနပြုနိုင်ခဲ့သည့် အာကာသယာဉ်ဖြစ်လာမည်ဟု တင်ပြလိုက်ရပါသည်။

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၃-၄-၂၀၀၈

ကမ္ဘာ့ရေနံဈေးနှုန်းများ မြင့်တက်ဆဲ

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း ရေနံရောင်းနိုင်ငံအဖွဲ့(အိုပက်) အရာရှိများက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်တွင် ရေနံတစ်စည်လျှင် အမေရိကန် ဒေါ်လာ ၁၀၃ဒသမ ၇၄ ဒေါ်လာအထိ မြင့်တက်လာကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

နယ်သာလန်ဝန်ကြီးချုပ် ပေကျင်းအိုလံပစ်ပွဲတော်တက်ရောက်မည်

နယ်သာလန်နိုင်ငံဝန်ကြီးချုပ် ဘာကီနမ်ဒီအနေဖြင့် ၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်နှင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မည်ဖြစ်ကြောင်း ဒတ်ချ်နိုင်ငံအရာရှိများက ပြောကြားသည်။

တရုတ်နှင့်နယ်သာလန်နိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ဖြစ်ထွန်းစေရန်နှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးပွားစေရန်အတွက် မိမိ ပေကျင်းအိုလံပစ်ပွဲတော်သို့ တက်ရောက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဩစတြီးယား၌ကုလဆိုင်ရာ ရာဇဝတ်မှု တိုက်ဖျက်ရေး အစည်းအဝေးကျင်းပ

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ (၁၇)ကြိမ်မြောက် ကုလသမဂ္ဂရာဇဝတ်မှုဆိုင်ရာ နိုင်ငံတကာ အစည်းအဝေးကို လက်ခံကျင်းပမည်ဖြစ်ကြောင်း ဩစတြီးယားအရာရှိများက ပြောကြားသည်။

ယင်းအစည်းအဝေးကို မေ ၁၄ ရက်မှ ၁၈ရက်အထိ ကျင်းပမည်ဖြစ်ပြီး လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

အင်ဒိုနီးရှား၌ ဇျူကလီးယားစွမ်းအင်စက်ရုံ တောင်ကိုရီးယား တည်ဆောက်ပေးမည်

တောင်ကိုရီးယားနိုင်ငံက အင်ဒိုနီးရှား၌ ဇျူကလီးယားစွမ်းအင် စက်ရုံစီမံကိန်း တစ်ခုကို ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားစွမ်းအင်အရာရှိများက ပြောကြားသည်။

အဆိုပါ ဇျူကလီးယားစက်ရုံတည်ဆောက်ရေးမှာ အင်ဒိုနီးရှားနိုင်ငံ၏ ပထမဆုံး ဇျူကလီးယားစွမ်းအင်စီမံကိန်းပင်ဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံမှ ဒေဝူးကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။

အာဖရိကစီးပွားရေးဖိုရမ် ပြင်သစ်၌ ကျင်းပမည်

ပြင်သစ်နိုင်ငံပါရီမြို့တွင် အာဖရိကစီးပွားရေးဖိုရမ်တစ်ခုကို လက်ခံကျင်းပမည် ဖြစ်ကြောင်း ပြင်သစ်အရာရှိများက ပြောကြားသည်။

အဆိုပါ အာဖရိကစီးပွားရေးဖိုရမ်ကို လာမည့် မေ ၁၃ရက်၌ ကျင်းပရန်စီစဉ်ထားပြီး အာဖရိက ၃၇နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်သည်။

တရုတ်က အာကာသယာဉ်လွှတ်တင်

တရုတ်နိုင်ငံကနိုင်ငံတကာအာကာသယာဉ်စခန်းသို့ ရှန်ကျို-၁၇ ဒုံးပျံယာဉ်ကို အောင်မြင်စွာ လွှတ်တင်လိုက်သည်။

အဆိုပါ ဒုံးပျံယာဉ်သည် ယခုနှစ်၌ တရုတ်နိုင်ငံ၏ ပထမဆုံး အာကာသသို့ စေလွှတ်သော ဒုံးပျံယာဉ်ဖြစ်သည်။

ကြက်ငှက်တုပ်ကွေးကြောင့် အီဂျစ်၌ တစ်ဦးသေဆုံး

အီဂျစ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခံရမှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း အီဂျစ်ကျန်းမာရေးအရာရှိများက ပြောကြားသည်။

အဆိုပါ အမျိုးသမီးမှာ အသက် ၃၀အရွယ်ရှိပြီး အီဂျစ်နိုင်ငံ မာတာရီယတ်ခရိုင်မှဖြစ်ကာ ဆေးရုံ၌ ဆေးကုသမှု ခံယူနေစဉ် သေဆုံးသွားခြင်း ဖြစ်သည်။

ဩစတြေးလျကမ်းလွန်၌ အင်အားပြင်းငလျင်လှုပ်

ဩစတြေးလျနိုင်ငံ မက်ကွာရီကျွန်း ကမ်းလွန်တွင် အင်အားရစ်ချ်တာစကေး ၇ဒသမ၁ရှိ အင်အားပြင်းငလျင် လှုပ်သွားခဲ့ကြောင်း ဩစတြေးလျအရာရှိများက ပြောကြားသည်။

အဆိုပါ ငလျင်လှုပ်မှုကြောင့် မက်ကွာရီကျွန်း၌ အဆောက်အအုံအချို့ ပြိုကျသွားခဲ့ကြောင်း ဩစတြေးလျအရာရှိများက ပြောကြားသည်။

တေးသီချင်းပေါင်းငါးသိန်းအထိ သိမ်းဆည်းထားနိုင်သည့် အိုင်တီနည်းပညာမြင့် အိုင်ဘီအမ် MP3 စက်

ဆက်သွယ်ရေး နည်းပညာသစ်

နယူးယောက် မေ ၁၃

အိုင်ဘီအမ်ကုမ္ပဏီက ထုတ်လုပ်လိုက်သော အိုင်တီနည်းပညာသုံး MP3 စက် အသစ်လေးများ(ယာပုံ)သည် ယခင်ထုတ်လုပ်ပြီးသော MP3စက်လေးများထက် အဆပေါင်း ၁၀၀ခန့် ပိုမိုဝန်ဆောင်မှုပေးနိုင်ကြောင်း အိုင်ဘီအမ်ကုမ္ပဏီမှတာဝန်ရှိသူများက ပြောကြားသည်။

သိမ်းဆည်းနိုင်

ယခု ထုတ်လုပ်လိုက်သော MP3 စက်လေးများသည် တေးဂီတသံစဉ်များကို နားထောင်ရုံသာမက ရုပ်သံအစီအစဉ်များကိုပါ ကြည့်ရှုနိုင်စွမ်းရှိအောင် စွမ်းဆောင်နိုင်ပြီဖြစ်သည်။ ထို့အပြင် အချက်အလက်ပေါင်း များစွာကို သိမ်းဆည်းနိုင်သော စနစ်လည်း ပါရှိသည်။

အမြန်နှုန်းမြင့်

တစ်ဖန် အချက်အလက်ပေါင်းများစွာကို ထုတ်ယူကြည့်ရာတွင် စက္ကန့်ပိုင်းအတွင်း သိရှိနိုင်အောင် မြန်နှုန်းမြင့် ဝန်ဆောင်မှုပေးနိုင်သည့်အပြင် တေးသီချင်းပေါင်း ငါးသိန်းခန့်အထိလည်း သိမ်းဆည်းထားနိုင်သည်။

ယခုထုတ်လုပ်လိုက်သော MP3စက်လေးများတွင် ထည့်သွင်း အသုံးပြုထားသော မှတ်ဉာဏ်ပြားလေးမှာ စီးပွားရေးဆိုင်ရာ အချက်အလက်များကိုလည်း သိမ်းဆည်း မှတ်ထားနိုင်သည့်အပြင် ရုပ်သံကြည့်လင်မှုကိုလည်း အထောက်အကူပေးကြောင်း၊ တစ်ဖန် လက်ကိုင်ဖုန်းနှင့် ချိတ်ဆက်အသုံးပြုနိုင်အောင်လည်း စီစဉ်ထားကြောင်း သိရသည်။ (အင်တာနက်)

သူတို့အတွေးနှင့် အမြင်

* *It is never too late to repent.*
နောင်တတရားရခြင်းသည် နောက်ကျသည်ဟူ၍မရှိ။
ဂျိုးဇက်ပရစ်စလေ(အတွေးအခေါ်ပညာရှင်)

* *When pain ends, gain ends too.*
ပင်ပန်းမှု နိဂုံးချုပ်သွားသည့်အခါ ရရှိမှုသည်လည်း နိဂုံးချုပ်သွားတော့သည်။
ရောဘတ်ဘရောင်းနင်း(ကဗျာဆရာ)

သာယာလှပသော ဥရုဂွေး

သတင်းအက်ဆေး

ဥရုဂွေးနိုင်ငံသည် တောင်အမေရိကတိုက်တောင်ပိုင်း အတ္တလန္တိတ်သမုဒ္ဒရာကမ်းရိုးတန်းဒေသ၌ တည်ရှိသည်။ ဥရုဂွေးနိုင်ငံသည် တောင်အမေရိကတိုက်တွင် အခြားသောနိုင်ငံများစွာထက် အစဉ်အလာအရ ပိုမိုအဆင်ပြေသည်။ ခေတ်မီပညာရေးနှင့် လူမှုဖူလုံရေးစနစ်များ၊ လင်မယားကွာရှင်းမှုကဲ့သို့သော လူမှုရေးကိစ္စများနှင့် အကျုံးဝင်သည့် စည်းကမ်းတင်းကျပ်မှုမပြုသော ဥပဒေများနှင့်ပတ်သက်၍လည်း ဤနိုင်ငံက ကျော်ကြားသည်။ ဤနိုင်ငံသည် လက်တင်အမေရိကတွင် ပထမဆုံး လူမှုဖူလုံရေးစနစ်ထူထောင်သည့် နိုင်ငံများတွင် ပါဝင်သည်။

အစိတ်အပိုင်းတစ်ခု

၁၅၁၆ ခုနှစ်က စပိန်ရေကြောင်းပြ ဂျူအန်ဒိုင်ဒီဆိုလစ်ကို တိုင်းရင်းသားဒေသခံများက ကွပ်မျက်လိုက်သည်။ ၁၇၂၆ ခုနှစ်တွင် စပိန်တို့က ဥရုဂွေးကို ပေါ်တူဂီထံမှ သိမ်းယူသည်။ တိုင်းရင်းသားအများအပြားကိုလည်း သတ်ဖြတ်ချေမှုန်းသည်။ ၁၇၇၆ ခုနှစ်တွင် ဥရုဂွေးနိုင်ငံသည် လာပလာတာ စပိန်ပိုင်နယ်မြေ၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာသည်။ ယင်း၏ မြို့တော်မှာ ဗျူနိုအေရီစ်ဖြစ်သည်။

၁၈၀၈ခုနှစ်တွင် စပိန်ဘုရင်ကို ပြင်သစ်ဧကရာဇ် နပိုလီယံဘိုနာပတ်က အောင်နိုင်ပြီးနောက် ဥရုဂွေးသူပုန်တို့ကလည်း လာပလာတာဘုရင်ခံချုပ်အာဏာကို ဖီလာပုန်ကန်ကြသည်။

တောင်းဆို

၁၈၁၂-၁၈၂၀ ခုနှစ်များအတွင်းတွင် ပလာတာမြစ်အရှေ့ဘက်ကမ်းသား ဥရုဂွေးပြည်သူများက ကျူးကျော်သူ အာဂျင်တီးနားနှင့်ဘရာဇီးတို့ကို တိုက်ခိုက်သည်။ ဥရုဂွေးသမ္မတနိုင်ငံ၏ အစိတ်အပိုင်းအချို့ကို သူတို့ပိုင်ဟု တောင်းဆိုခြင်းနေကို ၁၈၂၈ ခုနှစ်တွင် ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံတို့က စွန့်လွှတ်သည်။

၁၈၃၈-၆၅ ခုနှစ်အတွင်း အနာဂတ်တွင် ကွန်ဆာဗေးတစ်ပါတီဖြစ်မည့် ဘလန်ကော့ (လူဖြူများ)နှင့် အနာဂတ်တွင် လစ်ဘရယ်များဖြစ်မည့် ကိုလိုရာဒိုများအကြား ပြည်တွင်းစစ် ဖြစ်ပွားသည်။

၁၉၀၃-၁၅ ခုနှစ်အတွင်း သမ္မတသက်တမ်းနှစ်ဆက်တွင် သမ္မတဟိုဆေးဘက်ထလီအော်ဒိုနက် (ပြုပြင်ပြောင်းလဲရေးသမား)က အမျိုးသမီးများအား ဆန္ဒမဲပေးခွင့်များ အပ်နှင်းသည်။ လူမှုဖူလုံရေးစနစ်ထူထောင်သည်။ သေဒဏ်ကို ဖျက်သိမ်းပေးသည်။ ၁၉၃၃ ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းပြီးနောက် အတိုက်အခံအုပ်စုများကို နိုင်ငံရေးတွင် ပါဝင်ခွင့် မပေးတော့။ ၁၉၅၁ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ သမ္မတကို အဖွဲ့ဝင်ကိုးဦးပါဝင်သည့် ကောင်စီဖြင့် အစားထိုးသည်။

စီးပွားရေးအခြေအနေ

၁၉၇၃ ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အားပေးပါမည်ဟု အာမခံသည်။ သို့သော်အလွန်အကျွံဖိနှိပ်မှု ကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်ကာ ဥရုဂွေးနိုင်ငံမှာ လက်တင်အမေရိက၏ ညှဉ်းပန်းနှိပ်စက်မှု ငရဲခန်းအဖြစ် နာမည်ရလာခဲ့သည်။ ၁၉၈၄ ခုနှစ်အတွင်း ဖိနှိပ်မှုကို ဆန့်ကျင်အုံကြွ ကန့်ကွက်လာသည်။ စီးပွားရေး အခြေအနေက ပိုဆိုးလာသည်။

စုံစမ်းစစ်ဆေး

၁၉၈၅ ခုနှစ်တွင် စစ်ဘက်နှင့်နိုင်ငံရေးခေါင်းဆောင်များက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အုပ်ချုပ်ရေးပြန်စရန် သဘောတူသည်။ နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးသည်။ ဗျူလီယိုမာရီယာ သမ္မတဖြစ်လာသည်။ ၁၉၉၄ ခုနှစ်တွင် သမ္မတအဖြစ် အရွေးခံရသည်။ ၁၉၉၉ ခုနှစ်တွင် ဂျော့ဘက်ဝဲ သမ္မတအဖြစ်အရွေးခံရသည်။ ၂၀၀၀ ပြည့်နှစ်တွင် စစ်အာဏာရှင်အုပ်စိုးစဉ်က ပျောက်ဆုံးသူ ၁၆၀ တို့အရေးကို ကော်မရှင်က စတင်စုံစမ်း စစ်ဆေးသည်။

၂၀၀၄ ခုနှစ်ကုန် သမ္မတရွေးကောက်ပွဲတွင် လက်ဝဲသမား တာဘာရီဗက်ကွက် အနိုင်ရပြီး ၂၀၀၅ခုနှစ် မတ်လတွင် ရာထူးလက်ခံသည်။

တာဘာရီဗက်ကွက် ရွေးကောက်ပွဲအနိုင်ရခြင်းမှာ ဘရာဇီး၊ ဗင်နီဇွဲလား၊ ချီလီနှင့် အာဂျင်တီးနားနိုင်ငံတို့၌ လက်ဝဲအစိုးရများ အသီးသီးပေါ်ထွက်လာသည့်ဒေသတွင်း ဖြစ်ပေါ်တိုးတက်မှုအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် အချို့က သုံးသပ်သည်။

မည်သို့ဆိုစေ သမ္မတတာဘာရီဗက်ကွက်အနေဖြင့် ပြည်သူတို့၏ ဆင်းရဲမွဲတေမှု သက်သာပပျောက်ရေးကို ဦးစားပေးကာ သဘောထားပျော့ပြောင်းသည့် နိုင်ငံရေးလမ်းစဉ်ကို ကျင့်သုံးရပေမည်။

တွန်းပို့

တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း အပေါ်မှီခိုမှုမှာ ကမ္ဘာ့ဈေးကွက်မှဈေးနှုန်း အတက်အကျလိုက်၍ အကျိုးပျက်ပြားဖြစ်ထွန်းမှု ကြုံရသည်။ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ ဘရာဇီးနှင့်အာဂျင်တီးနား စီးပွားရေးကျဆင်းမှုတို့က ၂၀၀၂ခုနှစ်တွင် ဥရုဂွေး စီးပွားရေး အကျပ်ရိုက်အောင် တွန်းပို့ပေးခဲ့သည်။

ဥရုဂွေးပြည်သူအများစုမှာ ဥရောပအနွယ်များ၊ အထူးသဖြင့် စပိန်နှင့်အီတလီနွယ်ဝင်များဖြစ်သည်။ ထုထည်ကြီးမားသည့် လူလတ်တန်းစားဖြစ်သည်။ သို့သော် အာဖရိကနွယ်ဖွားများနှင့် ဆွေးနွေးသူ လူနည်းစုမှာ ဆင်းရဲကြသည်။

သာယာစိုပြည်

ကိုလိုနီခေတ်က မြို့များ၊ လှပသော ကမ်းခြေအပန်းဖြေနေရာများ တစ်နှစ်ပတ်လုံးမျှ သာယာသည့် ရာသီဥတုတို့က ခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် အားထားစရာများဖြစ်သည်။ ထို့ပြင် နိုင်ငံခြား၌ မှတ်ပုံတင်ထားသောဘဏ်လုပ်ငန်းမှာလည်း ဥရုဂွေးနိုင်ငံစီးပွားရေးကို အထောက်အကူပြုလျက်ရှိရာ လက်တင်အမေရိက၌ ဥရုဂွေးနိုင်ငံ၏အခန်းကဏ္ဍမှာ ပိုမိုသာယာစိုပြည်လာစရာ ရှိပါသည်။ ။

(ကိုးကား-အင်တာနက်)

တိုး - ရေးသားသည်

14-4 (05).pmd 1 4/14/2008, 2:24 AM

ဇင်ဘာဘွေ အကျပ်အတည်းဖြေရှင်းရေး အာဖရိကတောင်ပိုင်းခေါင်းဆောင်များ ညှိနှိုင်းမည်

လူဆာကာ ဧပြီ ၁၃

ဇင်ဘာဘွေနိုင်ငံ ရွေးကောက်ပွဲ နောက်ပိုင်း အကျပ်အတည်းကို ဆွေးနွေး အဖြေရှာရန် အာဖရိက တောင်ပိုင်းနိုင်ငံများမှ ခေါင်းဆောင်များသည် ဇမ်ဘီယာနိုင်ငံ၌ တွေ့ဆုံညှိနှိုင်း ကြတော့မည်ဖြစ်သည်။

သံသယဝင်

ဤထိပ်သီး အစည်းအဝေးသို့ ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီ တက်ရောက်ခြင်းရှိ မရှိ သံသယဝင်ဆဲဖြစ်သည်။

မတ် ၂၉ရက်က ဇင်ဘာဘွေသမ္မတ ရွေးကောက်ပွဲတွင် မော်ဂန်ရှန်ဂီရိုင်း အနိုင်ရ ကြောင်း သူ့ပါတီ အမ်ဒီစီက ကြေညာထားသည်။ သို့သော် တရားဝင် ရွေးကောက်ပွဲ ရလဒ်များ ထွက်မလာသေးပေ။

တွေ့ဆုံညှိနှိုင်း

အဖွဲ့ဝင် ၁၄နိုင်ငံပါသည့် တောင်ပိုင်းအာဖရိက ဖွံ့ဖြိုးရေးအဖွဲ့(အက်စ်အေဒီစီ) ခေါင်းဆောင်များ လူဆာကာမြို့၌ ယနေ့ တွေ့ဆုံညှိနှိုင်းကြမည်ဖြစ်သော်လည်း သမ္မတ မူဂါဘီက ဝန်ကြီးသုံးဦးကို သူ့ကိုယ်စား စေလွှတ်မည်ဖြစ်ကြောင်း ဇင်ဘာဘွေအသံလွှင့် ဌာနက ကြေညာလိုက်ခြင်းဖြင့် ထိပ်သီးအစည်းအဝေးနှင့် ဇမ်ဘီယာသမ္မတလက်ဗီတို့ကို ပမာမခန့်ပြုသည့် လက္ခဏာပြလိုက်သည်။ (အင်တာနက်)

ဟီလာရီကလင်တန်၏ ရွေးကောက်ပွဲ ရန်ပုံငွေအတွက် ခေတ်ပေါ် အဆိုကျော် အယ်လင်တန်ဂျွန် တေးဂီတဖျော်ဖြေ

နယူးယောက် ဧပြီ ၁၃

နယူးယောက်မြို့ ရေဒီယိုစီးတီး ဂီတခန်းမ၌ တေးဂီတဖျော်ဖြေပွဲ ကျင်းပကာ ခေတ်ပေါ်အဆိုကျော် အယ်လင်တန်ဂျွန်က ဟီလာရီကလင်တန်၏ အမေရိကန်ရွေးကောက်ပွဲ မဲဆွယ်မှု ရန်ပုံငွေအတွက် ဒေါ်လာ ၂ ဒသမ ၅ သန်း ရှာဖွေပေးသည်။

အဆိုပါတေးဂီတ ဖျော်ဖြေပွဲသို့ အထက်လွှတ်တော်အမတ် ဟီလာရီကလင် တန်နှင့်အတူ ခင်ပွန်းဖြစ်သူသမ္မတဟောင်း ဘီလ်ကလင်တန်၊ သမီး ချဲလ်စီတို့လည်း တက်ရောက်ကြသည်။

ဤရန်ပုံငွေရှာဖွေသည့် တေးဂီတ ဖျော်ဖြေပွဲကို ကျင်းပမည်ဖြစ်ကြောင်း ဟီလာရီကလင်တန်အားထောက်ခံသူများထံ ဆာအီလ်တန်က သူကိုယ်တိုင် လက်မှတ် ရေးထိုးပြီး လွှန်ခဲ့သည့်လကပင် အီးမေးလ် မှတစ်ဆင့် ဖိတ်ကြားခဲ့သည်။


ဒီမိုကရက်တစ် သမ္မတလောင်း ဟီလာရီကလင်တန်

မိတ်ဆက်ပေး

အမေရိကန်နိုင်ငံကို ဦးဆောင်ရန် ဟီလာရီကလင်တန်ကဲ့သို့ အရည်အချင်း ပြည့်ဝသူတစ်ယောက်မျှမရှိကြောင်းတေးဂီတ ဖြင့် မဖျော်ဖြေမီ ရွှေပွဲလာပရိသတ်ကြီး အား ဆာအီလ်တန်က မိတ်ဆက်ပေးလိုက် သည်။

မသင့်လျော်

ဟီလာရီကလင်တန်မှာ အမျိုးသမီး ဖြစ်၍ ဤရာထူးနေရာအတွက် မသင့် လျော်ဟု ယူဆသူများ ရှိနေကြောင်း၊ ဤနိုင်ငံ၌ ထိုသို့သောသူအချို့ရှိနေခြင်းမှာ မိမိအနေဖြင့် အံ့ဩမကုန်နိုင် ဖြစ်ရပါ ကြောင်း ၎င်းကပြောကြားလိုက်သည်။

တာစူနေ

ဟီလာရီကလင်တန်မှာ ယခုအခါ ပင်ဆယ်ဗေးနီးယား ပြည်နယ် အကြို ရွေးကောက်ပွဲအတွက် အိုဘားမားနှင့် အကြိတ်အနယ် ယှဉ်ပြိုင်ရန် တာစူနေချိန် ဖြစ်သည်။ (အင်တာနက်)

ဗီယက်နမ်နှင့် ကျူးဘားကုန်သွယ်မှု ယခုနှစ်ပထမသုံးလ၌ ဒေါ်လာသန်း ၆၀ဖိုးရှိ

ဟန္နိုင်း ဧပြီ ၁၃

ဗီယက်နမ်နှင့် ကျူးဘားနိုင်ငံတို့၏ ကုန်သွယ်မှုသည် ယခုနှစ်ပထမသုံးလတွင် အမေရိကန်ဒေါ်လာ သန်း ၆၀ဖိုးရှိကြောင်း ဒေသထုတ်ဗီယက်နမ်သတင်းစာ တစ်စောင် က ဧပြီ ၁၁ရက်၌ ရေးသားဖော်ပြသည်။

ဗီယက်နမ်နိုင်ငံက ကျူးဘားနိုင်ငံသို့ ယခုနှစ်အတွင်း ဆန်တန်ချိန် ၄၀၀၀၀၀၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများ၊ ပန်ကာ နှင့် မီးသီးများတင်ပို့ရောင်းချမည်ဖြစ် ကြောင်း၊ ထိုစဉ်အတွင်း နှစ်နိုင်ငံဇီဝနည်း ပညာ ပူးပေါင်းဆောင်ရွက်ရေးကိုလည်း တိုးမြှင့်သွားမည်ဖြစ်ကြောင်း ဗီယက်နမ် အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

ပြောကြား

ဗီယက်နမ်နှင့် ကျူးဘားနိုင်ငံတို့သည် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင် ရေး၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပုံမှန်ဖန်တီးဖော်ဆောင်ရေးတို့ကို မြှင့်တင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဗီယက် နမ် ကူးသန်းရောင်းဝယ်ရေး ဒုတိယဥက္ကဋ္ဌ ဒိုအန်ဒွိုင်းက ပြောကြားသည်။

ပြီးခဲ့သည့်နှစ်က နှစ်နိုင်ငံကုန်သွယ်မှု သည် အမေရိကန်ဒေါ်လာ သန်း ၃၀၀ဖိုး အထိ ရောက်ရှိခဲ့သည်။ ယင်းတန်ဖိုးမှာ ၂၀၀၆ခုနှစ်ကထက်၄၅ရာခိုင်နှုန်း တိုးတက် လာသည်။

ပြီးခဲ့သည့်နှစ်တွင် ဗီယက်နမ်နိုင်ငံက ကျူးဘားနိုင်ငံသို့ အဓိကတင်ပို့ရောင်းချ သော ကုန်ပစ္စည်းများမှာ ကျောက်မီးသွေး၊ ဆန်၊ ဆေးဝါး၊ ဖိနပ်၊ အဝတ်အထည်၊ အထည် အလိပ်၊ ကွန်ပျူတာ၊ အီလက်ထရွန်နစ် ပစ္စည်းများနှင့် အိမ်သုံးလျှပ်စစ်အပိုပစ္စည်း များဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်ကို နောက်ဆုံးသွေးစက်ကျသည်အထိတိုက်ထုတ်မည် ရှီးယိုက်ခေါင်းဆောင် မော့တာဒါဆာဒါပြောကြား

ဘဂ္ဂဒက် ဧပြီ ၁၃

အီရတ် ရှီးယိုက်ခေါင်းဆောင် မော့တာဒါဆာဒါက ၎င်းအနေဖြင့် အမေရိကန်ကို နောက်ဆုံးသွေးတစ်စက်ကျသည်အထိ တိုက်ထုတ်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်က နိုင်ငံရေး တိုးတက်အောင် ဆောင်ရွက်ရာတွင် ရန်သူဟူ၍မရှိ ဆိုသော စကားရပ်ကို မစ္စတာဆာဒါက တုံ့ပြန် ချေပ ပြောကြားလိုက်ခြင်းဖြစ်သည်။

ကျူးကျော်သူ

ကျွန်တော်တို့မှာ ရန်သူဆိုတာမရှိပါ ဘူး၊ ဒါပေမယ့် အသင်ဟာ ကျူးကျော် သိမ်းပိုက်သူပဲဟု မစ္စတာဆာဒါက ပြော ကြားသည်။

ပြီးခဲ့သည့်လက မစ္စတာဆာဒါ၏ မက်ဒီတပ်များနှင့် အီရတ်တပ်များတိုက်ပွဲ များ ဖြစ်ပွားခဲ့သည်။ ဘဂ္ဂဒက်၌ ဧပြီ၁၂ ရက်ကဖြစ်ပွားခဲ့သော တိုက်ပွဲတွင် သေနတ် သမား ၁၃ဦး သေဆုံးခဲ့သည်ဟု အမေရိကန် တို့က ပြောကြားသည်။ နောက်ဆုံးဖြစ်ပွား ခဲ့သော တိုက်ပွဲမှာ ဘဂ္ဂဒက်မြို့ အရှေ့ပိုင်း ဆင်ခြေဖုံးရပ်ကွက် ဆာဒါစီးတီး၌ ဖြစ်ပွား ခဲ့ခြင်း ဖြစ်သည်။

ဆာဒါစီးတီးသည် မော့တာဒါအား ထောက်ခံသူအများအပြားနေထိုင်ရာ အရပ် ဒေသဖြစ်သည်။

ကျူးကျော်တိုက်ခိုက်

မော့တာဒါ၏ အဓိက အားကိုးရ သောလက်ထောက်ဖြစ်သည့်ရီယယ်အယ်လ် နူရီသည် ဧပြီ ၁၂ရက်က နာဂျပ်ဖ်မြို့၌ သေနတ်သမားများ၏ လက်ချက်ဖြင့် သေဆုံးခဲ့ရသည်။ မစ္စတာနူရီ သေဆုံး ရခြင်းသည် အမေရိကန်တို့၏ ကျူးကျော် တိုက်ခိုက်မှုကြောင့်ဖြစ်ကြောင်း ရှီးယိုက် ခေါင်းဆောင် မော့တာဒါက အပြစ်ဆိုလိုက် သည်။ (အင်တာနက်)


အီရတ် ရှီးယိုက်ခေါင်းဆောင် မော့တာဒါဆာဒါ။

(အင်တာနက်ဓာတ်ပုံ)

အီရတ်၌ အကြမ်းဖက်မှုများဖြစ်ပွား

ဘဂ္ဂဒက် ဧပြီ ၁၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဧပြီ ၁၀ရက်က အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်လေးဦးနှင့် အခြားတစ်ဦးသေဆုံးကြောင်း အမေရိကန် စစ်ဘက်က သတင်းထုတ်ပြန်သည်။

၎င်းနေ့ အစောပိုင်းက ဆာလာဟူဒင် ပြည်နယ်၌ လမ်းဘေးဗုံးပေါက်ကွဲသဖြင့် အီရတ်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ဘဂ္ဂဒက် မြို့ အရှေ့မြောက်ပိုင်းတွင်လည်း အကြမ်း ဖက်မှုများ အဆက်မပြတ် လုပ်ဆောင်ရာ လမ်းဘေးဗုံးပေါက်ကွဲသဖြင့် ဒုတိယအီရတ် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး တချို့ဒဏ်ရာ ရရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြ သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တိုက်ကြီးခုနစ်တိုက်တွင်ကျင်းပသော မာရသွန်ပြိုင်ပွဲများ အင်္ဂလိပ်မျက်မမြင် မာရသွန်အပြေးသမားပါဝင်ယှဉ်ပြိုင်

ကင်ဘာရာ ဧပြီ ၁၃

ဒေ့ဗ်ဟေးလီအမည်ရှိ အင်္ဂလိပ် မျက်မမြင်မာရသွန်အပြေးသမားသည် ကမ္ဘာ့တိုက်ကြီး ခုနစ်တိုက်အတွင်း ကျင်းပသည့် မာရသွန်ပြေးပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဧပြီ ၁၀ရက်က ဩစတြေးလျနိုင်ငံ ဆစ်ဒနီ၌ ကျင်းပသော မာရသွန်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ပန်းဝင်လာ

မျက်မမြင်ဒေ့ဗ်ဟု လူသိများကျော်ကြားသော အဆိုပါအပြေးသမားသည် ထိုနေ့နံနက်ပိုင်းက ဆစ်ဒနီမြို့လယ်ပန်းခြံသို့ နောက်ဆုံး ပန်းဝင်လာခဲ့သည်။

ကူညီပေးခဲ့

အဆိုပါ အင်္ဂလိပ်မျက်မမြင် အပြေးသမားသည် ၄၂ကီလိုမီတာဝေးသော မာရသွန်ခရီးကို ငါးနာရီကြာအောင် ပြေးခဲ့ရကြောင်း၊ ပြေးလမ်းတစ်လျှောက်တွင် ၎င်းအား ဆစ်ဒနီ အပြေးကလပ်အဖွဲ့ဝင်များက ဝိုင်းဝန်းကူညီပေးခဲ့ကြောင်း ဩစတြေးလျ သတင်းစာ တစ်စောင်က ကိုးကားဖော်ပြသည်။

ဆက်လက်ယှဉ်ပြိုင်

ဟေးလီက မာရသွန်ပြိုင်ပွဲအပြီး သူနှင့် သူ၏ အပြေးလမ်းညွှန် မာကွန့်ကာတို့သည် အလွန်ဝမ်းသာ ပျော်ရွှင်မိကြောင်း ပြောကြားသည်။

ဟေးလီသည် မြောက်အမေရိက၊တောင်အမေရိက၊ အန္တာတိကနှင့် ဩစတြေးလျတိုက်များတွင် ကျင်းပသော မာရသွန်ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီးဖြစ်သည်။ ၎င်းသည် ဒူဘိုင်း၊ တူနီးရှားနှင့်လန်ဒန်မြို့များ၌ ကျင်းပသော မာရသွန်ပြိုင်ပွဲများတွင် ဆက်လက် ယှဉ်ပြိုင်မည်ဟုဆိုသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အစ္စရေးတင့်ကားများ ဂါဇာမှ ပြန်လည်ဆုတ်ခွာ တိုက်ပွဲအတွင်း ပါလက်စတိုင်း ရှစ်ဦးသေဆုံး

ဂါဇာ ဧပြီ ၁၃

အစ္စရေးတပ်များသည် ဂါဇာကမ်းမြောင်ဒေသအတွင်း ဝေဟင်၊ မြေပြင်စစ်ဆင်ရေးဆင်နွှဲပြီးနောက် ဧပြီ ၁၂ ရက်က ပြန်လည် ဆုတ်ခွာသွားကြောင်း (ယာအောက်ပုံ) **အင်တာနက်သတင်းတွင် ဖော်ပြသည်။**

အစ္စရေးတင့်ကားများ ဂါဇာကမ်း မြောင်ဒေသ အလယ်ပိုင်းသို့ ဧပြီ ၁၁ရက် က ဝင်ရောက် တိုက်ခိုက်သည်။ အစ္စရေး တပ်များနှင့် စစ်သွေးကြွများသည် လွန်ခဲ့ သော သီတင်းပတ်များက အပြန်အလှန် ပစ်ခတ်ခဲ့ကြသည်။

စီးနင်းတိုက်ခိုက်

ပါလက်စတိုင်းစစ်သွေးကြွများပစ်ခတ် တိုက်ခိုက်မှုကြောင့် အစ္စရေးနှစ်ဦးသေဆုံး သွားသည်။ သို့သော်လည်း အစ္စရေးတပ် များကဝင်ရောက်စီးနင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး ပါလက်စတိုင်းရှစ်ဦး သေဆုံး သွားကြောင်း သိရသည်။

အစ္စရေးတို့က လောင်စာဆီ ပြန်လည် စတင်မပေးနိုင်လျှင် ဂါဇာရှိ ပြည်သူ ၅၀၀၀၀၀ အား ဖြန့်ဖြူးပေးနေသော လျှပ်စစ်ဓာတ်အားများကို ဖြတ်တောက်ပစ် မည် ဖြစ်ကြောင်း ဂါဇာဓာတ်အားပေး စက်ရုံ အကြီးအကဲက သတိပေးလိုက် သည်။

(အင်တာနက်)

နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်လှစ်

နေပြည်တော် ဧပြီ ၁၃

နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နံနက် ၅နာရီခွဲတွင် နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်း၌ကျင်းပရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်၍ ဂေါက်သီးရိုက်ပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။



နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့် နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲတွင် ဂေါက်သီးရိုက်ပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ပါဝင်ယှဉ်ပြိုင်

ဖွင့်ပွဲအပြီးတွင် ပထမနေ့ပွဲစဉ်များကို ဆက်လက်ကျင်းပရာ နေပြည်တော်ဂေါက်ကွင်း၌ ပြိုင်ပွဲဝင်အသင်းရှစ်သင်း၊ ရေပြာဂေါက်ကွင်း၌ ပြိုင်ပွဲဝင်အသင်းကိုးသင်းနှင့် မြို့တော်ဂေါက်ကွင်း၌ ပြိုင်ပွဲဝင်အသင်း ကိုးသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် ဝန်ကြီးဌာနများ၊ တိုင်းစစ်ဌာနချုပ်များ၊ ပြည်နယ်နှင့်တိုင်းများနှင့် ဂေါက်ကလပ် ၂၆သင်း တို့မှ အားကစားသမား ၁၅၆ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ရိုက်ချက်အကောင်းဆုံး

ယနေ့ပြိုင်ပွဲတွင် ကွင်းအလိုက် ရိုက်ချက် အကောင်းဆုံးအသင်းများမှာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအသင်းသည် ရေပြာဂေါက်ကွင်း၌ ၂၉၅ချက်ဖြင့် ပထမနေရာတွင် လည်းကောင်း၊ရေတပ်ကလပ်အသင်းနှင့်သစ်တောရေးရာ ဝန်ကြီးဌာနအသင်းတို့သည် နေပြည်တော်ဂေါက်ကွင်း၌ ၂၉၆ ချက်စီဖြင့် ဒုတိယနေရာတွင်လည်းကောင်း၊မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အသင်းသည် ရေပြာဂေါက်ကွင်း၌ ၂၉၇ ချက်ဖြင့် တတိယနေရာတွင်လည်းကောင်း၊ ကောင်းမြတ်ဂေါက်အသင်းသည် နေပြည်တော်ဂေါက်ကွင်း၌ ၃၀၁ချက်ဖြင့် စတုတ္ထနေရာတွင်လည်းကောင်း၊ လေတပ်ကလပ် အသင်းသည် ရေပြာဂေါက်ကွင်း၌ ၃၀၃ ချက်ဖြင့် ပဉ္စမနေရာတွင် လည်းကောင်း အသီးသီး ယှဉ်ပြိုင်လျက်ရှိကြသည်။

တစ်ဦးချင်း

ကွင်းအလိုက် ရိုက်ချက်အကောင်းဆုံး တစ်ဦးချင်း အားကစားသမားများမှာ မြို့တော်ဂေါက်ကွင်း၌ ဇော်ဇော်လတ် (ပြည်ထဲရေး-က)၊ ရေပြာဂေါက်ကွင်း၌ လှမျိုး(လေတပ်ကလပ်)နှင့် မင်းနိုင် (မန္တလေးတိုင်း)တို့သည် ရိုက်ချက် ၆၉ ချက်စီဖြင့် ပထမနေရာတွင်လည်းကောင်း၊ မြို့တော်ဂေါက်ကွင်း၌ မြင့်ရွှေ(ရန်ကုန်တိုင်း)၊ ရေပြာဂေါက်ကွင်း၌ ဇော်ပိုင် (ပြည်ထဲရေး-ခ)နှင့် ဇော်ဇင်ဝင်း(ပြည်ထဲရေး-ခ)တို့သည် ရိုက်ချက် ၇၀စီဖြင့် ဒုတိယနေရာတွင်လည်းကောင်း၊ နေပြည်တော်ဂေါက်ကွင်း၌ ရန်မျိုးအေး (ရေတပ်ကလပ်)နှင့် အောင်ဝင်း (သစ်တော)တို့သည် ရိုက်ချက် ၇၁ ချက်စီဖြင့် တတိယနေရာတွင်လည်းကောင်း၊ ရေပြာဂေါက်ကွင်း၌ မြင့်သိန်း (နယ်စပ်/စည်ပင်) သည် ရိုက်ချက် ၇၂ချက်ဖြင့် စတုတ္ထနေရာတွင်လည်းကောင်း၊ ရေပြာဂေါက်ကွင်း၌ ခင်ဇော်ဝင်း(နယ်စပ်/စည်ပင်)နှင့် နေပြည်တော်ဂေါက်ကွင်း၌ ခင်မောင်မြင့် (သစ်တော)တို့သည် ရိုက်ချက် ၇၃ ချက်စီဖြင့် ပဉ္စမနေရာတွင် လည်းကောင်း အသီးသီး ယှဉ်ပြိုင်လျက်ရှိကြသည်။

ဆက်လက်ကျင်းပ

ပြိုင်ပွဲကို ဧပြီ ၁၅ရက်အထိ နေပြည်တော်ဂေါက်ကွင်း၊ ရေပြာဂေါက်ကွင်းနှင့် မြို့တော်ဂေါက်ကွင်းတို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေကြောင်းသတိပေးချက်ထုတ်ပြန်ကြေညာ

နေပြည်တော် ဧပြီ ၁၃

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော Danford Equities Corporation သည် တနင်္သာရီ ကမ်းလွန်လုပ်ကွက်အမှတ် Yetagun East Blockတွင် 2D Marine Seismic Acquisition about 1500 Lkm တိုင်းတာရေး လုပ်ငန်းများကို တိုင်းတာရေးရေယာဉ်ATLAS ဖြင့် ၂၀၀၈ ခုနှစ် ဧပြီ ၅ရက်မှ မေ ၁၀ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

2D Marine Seismic Acquisiton about 1500 Lkm တိုင်းတာရေးလုပ်ငန်းဆောင်ရွက်မည့် ဧရိယာတည်နေရာများမှာ **Point-A** မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၄၀ မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၀၀ မိနစ် ၀၀စက္ကန့်၊ **Point-B** မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၃၀ မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၂၀ မိနစ် ၀၀စက္ကန့်၊ **Point-C** မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၀၀ မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၃၅ မိနစ် ၀၀စက္ကန့်၊ **Point-D** မြောက်လတ္တီတွဒ် ၁၂ဒီဂရီ ၁၉မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၄၉ မိနစ် ၀၀စက္ကန့်၊ **Point-E** မြောက်လတ္တီတွဒ် ၁၂ဒီဂရီ ၁၉ မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၁၅ မိနစ် ၀၀စက္ကန့်၊ **Point-F** မြောက်လတ္တီတွဒ် ၁၂ဒီဂရီ ၄၀ မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၁၅ မိနစ် ၀၀စက္ကန့်၊ **Point-G** မြောက်လတ္တီတွဒ် ၁၂ဒီဂရီ ၄၀ မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၂၅ မိနစ် ၀၀စက္ကန့်၊ **Point-H** မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၀၀ မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၂၅ မိနစ် ၀၀စက္ကန့်၊ **Point-I** မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၀၀ မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၂၈ မိနစ် ၀၀စက္ကန့်၊ **Point-J** မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၀၀ မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၂၈ မိနစ် ၀၀စက္ကန့်၊ **Point-A** မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၀၀ မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၀၀ မိနစ် ၀၀စက္ကန့်တို့အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ တနင်္သာရီကမ်းလွန် လုပ်ကွက်အမှတ် **Yetagun East Block** တွင် **2D Marine Seismic Acquisition about 1500 Lkm** တွင် တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် **ATLAS** ဖြင့် ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်း သတိပေးချက် (**Notics to Mariner**)ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ် သမ္ဗန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချ ရပ်နားထားခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းနှင့် ငါးဖမ်းဆီးခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၄-၄-၂၀၀၈
(တနင်္လာနေ့)
(မဟာသင်္ကြန်အကြတ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ "ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေး ဆရာ ဒကာ လက်တွဲညီစွာ ကြိုးပမ်းဆောင်ရွက်မှု" (အပိုင်း-၁)
- ၇:၅၅ ၅။ ခါသင်္ကြန်အဆိုအကများ
- ၈:၁၀ ၆။ ခါသင်္ကြန်အဆိုအကများ
- ၈:၃၀ ၇။ International News.
- ၉:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ခါသင်္ကြန်အဆိုအကများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(အရှေ့တိုင်းပညာ အထူးပြု) (အရှေ့တိုင်းပညာ)
- ၄:၄၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၅ ၅။ ခါသင်္ကြန်အဆိုအကများ
- ၅:၃၀ ၆။ **'မမိုတ်သောမျက်စိ မလပ်သောသတိဖြင့်'**
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၃၀ ၈။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၉။ ချစ်စရာ့တာသင်္ကြန်
- ၇:၀၀ ၁၀။ ခါသင်္ကြန် အဆိုအကများ
- ၇:၂၀ ၁၁။ ခါသင်္ကြန် အဆိုအကများ
- ၇:၃၀ ၁၂။ စိတ်အားထက်သန် ဆန္ဒအမှန်
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **'ရှိတာက ပိုကောင်းပါတယ်'**
- ၁၇။ မြန်မာရုပ်ရှင် **မျက်နှာများတဲ့ကောင်းကင်** (အပိုင်း-၂) ရန်အောင်၊ လွင်မိုး၊ တင့်တင့်ထွန်း၊ အိန္ဒြာကျော်ဇင် ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)
- ၁၈။ အစီအစဉ်ပြီး၏။

နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ စစ်သံမှူးများနှင့် မိသားစုများ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်၌ တပျော်တပါးပါဝင်ဆင်နွှဲ

ရန်ကုန် ဧပြီ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ စစ်သံမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ မိသားစုများသည် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်ကျော်နှင့် ဇနီးတို့လိုက်ပါလျက် မဟာသင်္ကြန်အကျနေ့ဖြစ်သည့် ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်သို့ရောက်ရှိကြရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီးဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် ဝန်ထမ်းမိသားစုများက အတာရေများပက်ဖျန်း၍ ကြိုဆိုကြသည်။

တပျော်တပါး

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့်ဇနီးတို့က သံတမန်မိသားစုများအား မြို့တော်ခန်းမ ပထမထပ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး အတာသင်္ကြန် ယဉ်ကျေးမှုအဖွဲ့များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမိသားစုများက မြန်မာ့ရိုးရာ အတာ သင်္ကြန်အဆို၊အကများဖြင့် ဧည့်ခံဖျော်ဖြေကြရာ သံတမန်မိသားစုများကလည်း တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

ဆက်လက်၍ သံတမန်မိသားစုများသည် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် အဆို၊ အကများဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မိသားစုများနှင့်အတူ ပါဝင်ဆင်နွှဲကြသည်။

အတာရေပက်ဖျန်း

ထိုမှတစ်ဆင့် သံတမန်မိသားစုများသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ လွယ်ဟိန်းကုမ္ပဏီ၏ Alpine ရေကစားမဏ္ဍပ်သို့ ရောက်ရှိကြရာ လွယ်ဟိန်း ကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဒေါက်တာစိုင်းစံထွန်းနှင့် ဇနီး၊ ရုပ်ရှင်အနုပညာရှင်များနှင့် ဝန်ထမ်းမိသားစုများက အတာရေပက်ဖျန်း၍ ကြိုဆိုကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် သံတမန်များ၊ ဧည့်သည်တော်များနှင့် အတာရေသဘင်ပွဲတော်၌ ပါဝင် ဆင်နွှဲကြသူများအား တေးဂီတအဖွဲ့နှင့်တွဲဖက်၍ အနုပညာရှင်များ၊ တေးသံရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြပြီး သံတမန်များ၊ မိသားစုများသည် သင်္ကြန်ချစ် ပြည်သူများနှင့်အတူ အတာရေသဘင်ပွဲတော်ကို တပျော်တပါး ပါဝင်ဆင်နွှဲကြပြီး မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

SSA ရှုက်ဆစ်အဖွဲ့က လက်ပစ်ဗုံးဖြင့်ပစ်ပေါက်သဖြင့် ရှမ်းရိုးရာ ပျော်ပွဲရွှင်ပွဲဆင်နွှဲနေသည့် လဲချားမြို့နယ်မှ အပြစ်မဲ့ပြည်သူငါးဦး ဒဏ်ရာများရရှိ

နေပြည်တော် ဧပြီ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ဝမ်ပန်ကျေးရွာ၌ ဧပြီ ၁၃ရက် နံနက် ၀၀း၃၀ နာရီတွင် ရှမ်းရိုးရာ ပျော်ပွဲရွှင်ပွဲများ ကျင်းပနေစဉ် အကြမ်းဖက်သောင်းကျန်းသူ SSA ရှုက်ဆစ်အဖွဲ့မှ သောင်းကျန်းသူတစ်ဦးသည် အရပ်ဝတ်ဖြင့် ချဉ်းကပ်ရောက်ရှိလာပြီး လက်ပစ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သည်။

ဆေးဝါးကုသ

ယင်းဗုံးပေါက်ကွဲမှုကြောင့် ဝမ်ပန် ကျေးရွာနေ ဦးဉာဏ်အောင်နှင့် ဦးပြည့်အောင်ခမ်း၊ လဲချားမြို့နေ ဦးမြင့်သိန်းနှင့် ဦးအုန်းဖေ၊ ကျောက်မဲမြို့နယ် ပန်းတိမ်ကျေးရွာနေ ဒေါ်နန်းတင်တို့ငါးဦးအား ဗုံးစများထိမှန် ဒဏ်ရာရရှိခဲ့သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက လဲချားမြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိကြောင်း၊ အဆိုပါ အကြမ်းဖက်သောင်းကျန်းသူ ထွက်ပြေးရာနောက်သို့သက်ဆိုင်ရာက လိုက်လံရှင်းလင်း ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ကြံစည်လုပ်ဆောင်

မြန်မာနိုင်ငံတစ်ဝန်း နှစ်သစ်ကူးရိုးရာ သင်္ကြန်ပွဲတော်ကို လူကြီးလူရွယ် လူငယ်မရွေး ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲလျက်ရှိပြီး ပြည်သူများသည် မင်္ဂလာရှိသောကာလဖြစ်သည့် အားလျော်စွာ မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် ကုသိုလ်တရားများ ပွားများအားထုတ်ခြင်း၊ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုများပြည့်စုံစေခြင်း၊ အကုသိုလ် ဒုစရိုက်များနှင့် မင်္ဂလာမရှိသော အလေ့အထအပြုအမူများကို ရှောင်ရှားခြင်းစသည်ဖြင့် မင်္ဂလာယူနေကြသော်လည်း ဘုရားမရှိ၊ တရားမသိသည့် သောင်းကျန်းသူ အဖျက်သမားများသည် ပြည်သူများထိတ်လန့်ကြောက်ရွံ့စေရန် ၎င်းတို့၏ကိုယ်ကျိုးအတ္တကိုသာ အခြေခံ၍ ကြံစည်လုပ်ဆောင်လျက်ရှိနေကြရာ အဆိုပါဒေသရှိ တိုင်းရင်းသားများက ယင်းအဖျက်သမားများအား ရွံရှာစက်ဆုပ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● အခြေခံဥပဒေ အတည်ပြုရေး မဲရုံသွား၍ ထောက်ခံမဲပေး။

● နိုင်ငံသစ်ဆီ ဒို့ဦးတည် အခြေခံဥပဒေ အတည်ပြုမည်။

ဉာဏ်ပွင့်လေးထပ်ယောဂီကျောင်းတော်ကြီး ရေစက်ချလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၃

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် အင်းလျားမြိုင်လမ်းရှိ မင်းကွန်းတောရကျောင်းတိုက်အတွင်း ဆောက်လုပ်ပြီးစီးသွားသော ဉာဏ်ပွင့်လေးထပ်ယောဂီကျောင်းဆောင်ကြီး ရေစက်ချလှူဒါန်းပွဲကို ၁၃၇၀ပြည့်နှစ် နှစ်ဆန်းတစ်ရက်နေ့ (ဧပြီ ၁၇ ရက်) ကြာသပတေးနေ့ နံနက် ၈နာရီခွဲတွင် အဆိုပါကျောင်းဆောင်ကြီး၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကြွရောက်တရားနာယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဗဟိုမဏ္ဍပ်နှင့် မြို့ပေါ်ရေကစားမဏ္ဍပ်များဖွင့်

နေပြည်တော် ဧပြီ ၁၃

တောင်ကြီးမြို့ ၁၃၆၉ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၂ရက် ညနေ ၄နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့မဈေးအနီး ဗဟိုမဏ္ဍပ်၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့်ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဇနီးများ၊ သင်္ကြန်ယိမ်းအကအဖွဲ့များ၊ သင်္ကြန်ပွဲတော်ဆင်နွှဲကြသည့်ပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးရာ **(အပေါ်ပုံ)** 'မန်းတောင်ရိပ်ခို' သီချင်းနှင့်အတူ ပြည်နယ်အတွင်းရှိ သင်္ကြန်ယိမ်းအဖွဲ့ ၂၇ဖွဲ့တို့က စုပေါင်း ကပြဖျော်ဖြေကြသည်။ ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်တော်များအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။

သီဆိုဖျော်ဖြေ

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့သည် ညနေ ၄နာရီခွဲတွင် တောင်ကြီး ရေကစားမဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး 'အင်ပါယာနှင့် လေးဇီးကလပ်'တေးဂီတအဖွဲ့၏ သီဆိုဖျော်ဖြေမှုကို လည်းကောင်း၊ ညနေ ၅နာရီတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဒေသခံတိုင်းရင်းသားများ၏ ငြိမ်းချမ်းရေးမဏ္ဍပ်၌ တိုင်းရင်းသားရိုးရာသင်္ကြန် သီဆိုဖျော်ဖြေမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

ညပိုင်းတွင် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် တောင်ကြီးမြို့ မဟာသင်္ကြန် ဗဟိုမဏ္ဍပ်၌ ကျင်းပသော မဟာသင်္ကြန်အကြိုနေ့ သီဆိုကပြမှုများဖြစ်သည့် (အဆို) ကိုအောင်အောင်၊ (အက) မသင်းနန္ဒာနိုင်(ခ)ဖောင်းဖောင်းတို့၏ 'ချမ်းပါတယ်'၊ (အဆို) မနွေးနွေးသီရိအောင်၊ (အက) မသဲနုစန္ဒီတို့၏ 'သင်္ကြန်မိုး'၊ (အဆို) မနွေးနွေးသီရိအောင်၊ (အက) မနှင်းရည်ထွန်းတို့၏ 'ဆုမြတ်ပန်ဆင်မည်' သီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေမှုတို့ကို ဧည့်ပရိသတ်တို့က ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပျော်ရွှင်စွာရေကစား

ဧပြီ ၁၃ရက် သင်္ကြန် အကျနေ့က ရန်ကုန်မြို့ ဦးဝိစာရလမ်း ရှိ **Jewellery Luck Co., Ltd.** မဏ္ဍပ်ရှေ့တွင် ပျော်ရွှင်စွာ ရေကစားနေကြစဉ်။ (က-ပ)

၁၆ လမ်း (အလယ်) မိသားစု

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၁၆ လမ်း (အလယ်)မိသားစု ရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေကစားနေကြစဉ်။ (က-ပ)

● *ကျောဖုံးမှ*

ဒါ့အပြင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အနော်ရထာလမ်းနဲ့ ၄၈လမ်းထောင့်မှာရှိတဲ့ ရေကစားမဏ္ဍပ်မှာလည်း သင်္ကြန်ပျော်တွေ၊ သင်္ကြန်အကတွေနဲ့ရေပက်နေကြတာတွေဟာ စိတ်ရွှင်မြူးစရာ မြင်တွေ့ရပါတယ်။ ရေပက်ခံကားတွေ စီတန်းပြီး တစ်စီးချင်း ဝင်ရောက်ရေပက်ခံထွက်နေတဲ့ မြင်ကွင်းဟာ ယာဉ်အန္တရာယ် ကင်းဝေးမှုကို အကျိုးပြုစေတာ တွေ့ရပါတယ်။

လမ်းမတော်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အနော်ရထာလမ်းနဲ့ ၁၆လမ်းထောင့်မှာရှိတဲ့ ဂရိတ်ဝေါ တိုင်းရင်းဆေး ထုတ်လုပ်ရေးနဲ့ ဆောက်လုပ်ရေးကုမ္ပဏီ ရေကစားမဏ္ဍပ်မှာ လုပ်ပျိုဖြူလေးများက ရေပိုက်များနဲ့ ရေပက်ဖျန်းကြပြီး လမ်းလျှောက်ရေပက်ခံ ထွက်သူများကိုလည်း လှမ်းပြီး ရေပက်ဖျန်းကြပြီး ပျော်ရွှင်စရာ ရေကစားကြတာဟာ မြင်ရသူတွေအတွက် ရင်အေးချမ်းမြေ့စရာပါပဲ။ ရေပက်ခံကားတွေကလည်း မဏ္ဍပ်ရှေ့မှာ မပြတ်တမ်း ရေပက်ခံနေကြတာမို့ စည်ကားနေပါတယ်။

ဗိုလ်ချုပ်ဈေး

ဒါ့အပြင် ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေး သင်္ကြန်မဏ္ဍပ်ကိုလည်း ဧပြီ ၁၂ရက် ညနေ ၃နာရီခွဲက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ အမှတ် (၄) စစ်ဒေသမှူး ဗိုလ်မှူးကြီး ကျော်နိုင်ဦး၊ ရန်ကုန်အနောက်ပိုင်း ခရိုင်ဥက္ကဋ္ဌဦးအောင်မြင်၊ ဟိန်းယွန်းကုမ္ပဏီဥက္ကဋ္ဌ မစန္ဒာလီရွှန်းမင်းနှင့် အာကာမြင့် ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးကြည်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး အာကာမြင့်ကုမ္ပဏီမှ အထွေထွေ မန်နေဂျာ ဦးလင်းမြင့်က မဏ္ဍပ်ဖွင့်ပွဲ နှစ်သစ်နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဖွင့်လှစ်ပေးလိုက်တဲ့ အချိန်ကစပြီး ရေသဘင်ပွဲတော် ဆင်နွှဲခဲ့ကြပါတယ်။ ဗိုလ်ချုပ်ဈေး မဏ္ဍပ်မှာတော့ အဆိုတော်တွေဖြစ်တဲ့ ဂျက်မြသောင်း၊ တူးတူး၊ နွဲ့ယဉ်ဝင်း၊ မိုးပြည့်ပြည့်မောင်၊ ဂျေညီမလေးနဲ့ အဆိုတော်လင်းထွဋ်တို့က တေးသီချင်းတွေနဲ့ အားပါးတရဖျော်ဖြေကြတာ မြင်တွေ့ရပါတယ်။ ဒီအဆိုတော်တွေဟာ သင်္ကြန်ပွဲတော်ကာလမှာ နေ့တိုင်း ဗိုလ်ချုပ်ဈေး ရေကစားမဏ္ဍပ်မှာ ဖျော်ဖြေကြမှာဖြစ်ပါတယ်။

လသာမြို့နယ်

ရန်ကုန်မြို့ လသာမြို့နယ် အနော်ရထာ လမ်းပေါ်မှာရှိတဲ့ ၈လမ်း မိသားစုရဲ့ ရေကစားမဏ္ဍပ်မှာလည်း သင်္ကြန်ပျော်လူငယ်တွေက မြူးမြူးကြွကြွ ဂီတသံစဉ်များ ရေပက်ဖျန်းလျက်ရှိနေရာ ရပ်ကြည့်နေသူများ၊ လမ်းလျှောက် ရေပက်ခံထွက်သူများ၊ တစ်ဦးနဲ့တစ်ဦးနောက်ပြောင်ကျီစယ်သံများဖြင့် ဝေစည်လျက်ရှိနေတာ တွေ့ရပါတယ်။

ဒါ့အပြင် ရန်ကုန်မြို့ လသာမြို့နယ် ၁၉လမ်း မိသားစု Valiant အတာသင်္ကြန် ရေကစားမဏ္ဍပ်မှာလည်း ရုပ်ရှင်အနုပညာရှင်များဖြစ်တဲ့ မိုးပြည့်ပြည့်မောင်၊ မေသက်ခိုင်စတဲ့ အနုပညာရှင်တွေ၊ ဂီတအနုပညာရှင်တွေက လူကြိုက်များတဲ့ ခေတ်ပေါ်တေးသီချင်းများကို သရုပ်ဖော်အကများနဲ့ ဖျော်ဖြေတင်ဆက်ပြီး မိန်းမပျိုလေးများက ရေပိုက်များနဲ့ ရေပက်ကစားကြရာလမ်းမကြီးတစ်ခုလုံး ပြည့်ကျပ်နေအောင် စည်ကားလှပါတယ်။ ရေပက်ခံ မော်တော်ယာဉ်တွေကလည်း နေရာလွတ်မရှိအောင် တန်းစီ စောင့်ဆိုင်းပြီး ရေပက်ခံနေကြတာမို့ ပျော်ရွှင်ကြည်နူးစရာ မြင်ကွင်းပါပဲ။ မဏ္ဍပ်ပေါ်က အဆိုတော်တွေရဲ့ သီဆိုမှုနဲ့အပြိုင် မဏ္ဍပ်အောက်မှာ ရေပက်ခံရင်း တီးလုံးသံစဉ်တွေနဲ့အညီ လိုက်ကနေတဲ့ သင်္ကြန်ပျော်တွေကလည်း မနည်းမနောပါပဲ။

သင်္ကြန်ရေကစား မဏ္ဍပ်တွေ သွားလာရာ လမ်းတစ်လျှောက်မှာ ရေပြွတ်၊ ရေပိုက်၊ ရေခဲရေတွေနဲ့ ရေပက်ဖျန်း နေကြတာကလည်း မပြတ်တမ်း ကြုံတွေ့နေရတာမို့ ရေပက်ခံထွက်သူတွေကတော့ ရွှဲနေတော့တာပါပဲ။

ဖုံးလွှမ်း

နောက်ပြီး ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၇လမ်း (အထက်) မိသားစုရဲ့ရေကစားမဏ္ဍပ်မှာလည်း တေးဂီတ ဖျော်ဖြေနေသူတွေနဲ့ အပြိုင် ရေပက်ခံရင်း ကခုန်နေတဲ့သူတွေ၊ လာရောက်အားပေးကြည့်ရှုနေကြသူတွေနဲ့ ပြည့်ကျပ်စည်ကားနေပြီး သင်္ကြန်ပျော်တွေရဲ့ နောက်ပြောင်အော်ဟစ် ကျီစယ်သံတွေဟာ ပတ်ဝန်းကျင်ကို ဖုံးလွှမ်းနေပါတော့တယ်။

ဒါ့အပြင်လမ်းမကြီးတွေပေါ်မှာ ရေတိုင်ကီတွေချပြီး ရေပက်နေကြသူတွေ၊ တိုက်အထပ်မြင့်တွေပေါ်က ရေခဲရေနဲ့ရေပက်ဖျန်းမှုတွေကလည်း အေးစက်တဲ့ရေနဲ့မို့ဘဝင်ခိုက်အောင် ချမ်းအေးမှု ဖြစ်ရပါတယ်။

ဧပြီ၁၃ရက်ဟာ သင်္ကြန်အကျနေ့မို့ ရန်ကုန်မြို့မှာရဲ့ လမ်းတိုင်း၊ မဏ္ဍပ်တိုင်း၊နေရာတိုင်းမှာသင်္ကြန်ပျော်တွေ စိတ်တိုင်းကျရေကစားကြပြီမို့ ကြည်နူး ပျော်ရွှင်စရာကောင်းတဲ့ သင်္ကြန်ပွဲတော်အဖြစ် မြင်တွေ့ရပါကြောင်း ဖော်ပြလိုက်ရပါတယ်။ ။ **(မြန်မာ့အလင်း)**

ဧပြီ၁၂ရက် သင်္ကြန်အကြိုနေ့က ဗိုလ်ချုပ်ဈေး ရေကစားမဏ္ဍပ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးကျော်နိုင်ဦး၊ အနောက်ပိုင်းခရိုင်ဥက္ကဋ္ဌ ဦးအောင်မြင်၊ ဟိန်းယွန်းကုမ္ပဏီဥက္ကဋ္ဌ မစန္ဒာလီရွှန်းမင်း၊ အာကာမြင့်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးကြည်မြင့်တို့က ဤသို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (မြန်မာ့အလင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ စစ်သံမှူးများနှင့် မိသားစုများ ရန်ကုန်မြို့တော်ဝန် သင်္ကြန်မဏ္ဍပ်၌ တပျော်တပါး ရေပက်ကစားကြစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် သင်္ကြန်မဏ္ဍပ်မှ လှပျိုဖြူလေးများ၏ တီးကြ၊ ဆိုကြ၊ ကကြ၊ မြူးမြူးကြွကြွ သင်္ကြန်အလှ ယိမ်းအက။ (မြန်မာ့အလင်း)

ဓာတ်ပုံမှတ်တမ်း - တင်စိုး နှင့် သိန်းဝင်းလေး (မြန်မာ့အလင်း)၊ စာမျက်နာဖွဲ့စည်းမှု - သန်းဇော်

မြန်မာ့နှစ်သစ်ဦး သင်္ကြန်ခါတော် အကျနေ့မြင်ကွင်း

၁၉ လမ်း မိသားစု

သင်္ကြန်အကျနေ့ကလသာမြို့နယ် ၁၉ လမ်း မိသားစု ရေကစားမဏ္ဍပ်၌ ရေပက်ခံသူများ၊ ရေပက်သူများဖြင့် ဤသို့ စည်ကားများပြားစွာ တွေ့ရသည်။ (မြန်မာ့အလင်း)

ပျော်ပျော်ရွှင်ရွှင် ရေပက်ကစား

သင်္ကြန်အကျနေ့က ဗိုလ်တထောင်မြို့နယ် အနော်ရထာလမ်းနှင့် ၄၈ လမ်းထောင့် ရေကစားမဏ္ဍပ်၌ ပျော်ရွှင်စွာ ရေပက်ကစားကြစဉ်။ (မြန်မာ့အလင်း)

သင်္ကြန်အကျနေ့က မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူယာဉ်မောင်းသင်ကွင်းရှိ ရခိုင်ရိုးရာ ရေကစားမဏ္ဍပ်၌ လောင်းလှေများတွင် ရေထည့်၍ ပျော်ရွှင်စွာ ရေပက်ကစားကြစဉ်။ ဓာတ်ပုံ - အောင်သန်း (မင်္ဂလာတောင်ညွန့်)



နိုင်ငံကြော့ပြည်သူမှာ ပန်ဆယူ တာရေသွန်းချိန်မို့

'သင်္ကြန်'၊'သင်္ကြန်ပွဲတော်'၊'သင်္ကြန်သီချင်း'ဟု ကြားရ၊ဖတ်ရသည်နှင့် မြန်မာတို့၏ စိတ်ဓာတ်များ လန်းဆန်းတက်ကြွလာမြဲဖြစ်သည်။ ပျော်ရွှင်မြူးကြွဖွယ် သင်္ကြန်တေးသီချင်းသံ သင်္ကြန်တူးပို့တူးပို့ ဒိုးချက်သံများ ကြားလာရချိန်၌ မြန်မာတို့ ရွှင်လန်းတက်ကြွကြသည်။

သင်္ကြန်တွင် သင်္ကြန်မိုး တစ်ဖြိုက်ကလည်း ရွာနေကျမို့ လောကကို သစ်သွင် စိုပြည်သွားစေသည်။ သင်္ကြန်မိုးသည် ပိတောက်ပန်းများကို ပွင့်စေသည်။ တန်ခူးလတွင် ရွာသောမိုးကို ဖက်ဆွတ်မိုးဟု ခေါ်ကြသည်။ ပိတောက်ပွင့်ချပ်ပွင့်လွှာများကို ဖွင့်ပေးသောမိုးလည်းဖြစ်သည်။ ဦးကြော့၏ ပိတောက်ပန်းဘွဲ့ ကဗျာကဲ့သို့ **"တစ်နှစ်တွင် သည်တစ်လ၊ တစ်လတွင် သည်တစ်ရက်၊ ခက်ခဲတဲ့ရက်ဗုဒ္ဓါ၊ ပွင့်ရှာကြစုံမြိုင်တွင်း၊"** ရွှေဝါရောင် ကမ္ဘာခင်းသော ပိတောက်ပန်းသည် သမားရိုးကျ ရာသီပန်းဖြစ်သော ကံ့ကော်ပန်းကိုပင် ကျော်လွန် ဖုံးလွှမ်းနိုင်ပေသည်။

ကံ့ကော်ပန်းကို အများပြည်သူ အလွယ်တကူ လက်လှမ်းမမီကြ။ ပိတောက်ပန်းကား တစ်လောကလုံးကို အလှဆင်နိုင်အောင် ပင်လုံးကျွတ် ပွင့်သည်။ ပိတောက်ပင်ကလည်း တောတောင်ထဲတွင် အလေ့ကျပေါက်သကဲ့သို့ ကျေးရွာများ၊ ဘုန်းတော်ကြီးကျောင်းများ၊ မြို့ပြ ရပ်ကွက်များ၊ ဝင်းခြံများနှင့် လမ်းဘေးမကျန် ပေါက်သဖြင့် ပြည်သူလူထုအားလုံး အလှမ်းမီသောပန်းဖြစ်သည်။ ပြည်သူ့ပန်း၊ လူထုပန်းဟု ဆိုနိုင်ပေသည်။

"လတန်ခူးပေမို့ အလှထူးပါဘိ
မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ
တကယ်တမ်းသာဖြင့်
ဘယ်ပန်းသော်စံမတူဘု
နန္ဒမူဖလ်ဂူရိပ်မှာ
ပစ္စေကာ ချွေးတော်သိပ်ရတယ်
အေးရိပ်ဆာယာ"

ဟူ၍ ပိတောက်ပန်း၏အလှ ရာသီအလိုက် ပြိုင်ဘက်ကင်းသော ပိတောက်ပန်း၏ ဂုဏ်ဒြပ်ကို ဦးကြော့က ကာရန်ဖြင့် မွမ်းခဲ့သည်။

သင်္ကြန်ရာသီတွင် ရေကစားမဏ္ဍပ်၊ အလှအကပြ မဏ္ဍပ်များတွင်လည်း ပိတောက်ခက်များကို တွေ့ရသည်။ သင်္ကြန်လုံမေတို့၏ ကေသာထက်၌လည်း ပိတောက်ပန်းများ ဝေနေတော့သည်။ အိမ်များ၏ ဘုရားစင်မှ ဘုရားပန်းအိုးများတွင်လည်း ပိတောက်ပန်းတို့ဖြင့် ထိန်နေတော့သည်။ လူတို့နိုင်အောင် မခူးနိုင်သဖြင့် ပိတောက်ပင်မြင့်ပေါ်တွင်လည်း ရွှေကမ္ဗလာ၊ ရွှေပဝါဖုံးအုပ်ထားသည့်နှယ်၊ ကြွေကျမြေခရသော ပိတောက်ပွင့်ဖတ်၊ ပွင့်ချပ်များသည်လည်း မြေပြင်ကို ရွှေမင်သုတ်လိမ်းသည့်နှယ်။

ထို့ကြောင့်ပင် ဦးကြော့က **"ဆန်းသလောက်မလင်းနိုင်ဘူး၊ လမ်းတစ်လျှောက် သင်းပါဘိ၊ ပန်းပိတောက်မင်း"** ဟု တစ်လောကလုံး၊ တစ်နိုင်ငံလုံး၊ တစ်တောလုံး၊ တစ်မြို့လုံး၊ တစ်ရွာလုံး၊ တစ်ရပ်ကွက်လုံး၊ တစ်လမ်းလုံးကို သိန်သရေထိန်ဝေလို့ တောက်စေသော၊ ပန်းပိတောက်မင်းကို အောချအံ့ဩစွာ ဖွဲ့ဆိုသွားခဲ့ပုံရပေသည်။

သင်္ကြန်ဟူသော ဝေါဟာရသည် သင်္ကန္တခေါ် ပါဠိ၊ သင်္ကြန္တခေါ် သက္ကတဘာသာမှ သက်ဆင်းလာသော ဝေါဟာရဖြစ်သည်။ သင်္ကန္တ၊ သင်္ကြန္တဟူသည် ကူးပြောင်းခြင်းဟု အနက်အဓိပ္ပာယ်ရလေသည်။ တပေါင်းလတွင် မြန်မာနှစ် တစ်နှစ်ကုန်ဆုံးကာ နှစ်ဟောင်းကုန်၍ တန်ခူးလတွင် နှစ်သစ်ကြုံရသောကာလ၊ နှစ်သစ်ကူးပြောင်းသောကာလဟု ဆိုလိုရင်းဖြစ်သည်။

နွေရာသီ၏ အပူဒဏ်ကို သင်္ကြန်ရေဖြင့် အေးမြစေသည်။ နှစ်ဟောင်းမှ အညစ်အကြေးများကို သင်္ကြန်ရေဖြင့် ဆေးကြောသစ်လွင်တောက်ပသန့်စင်လာစေသည်။ သင်္ကြန်ရေသည် မေတ္တာဓာတ်၊ စေတနာဓာတ်ပါသော သီတာရေလည်းဖြစ်သည်။

ယခုနှစ်သင်္ကြန်သည် အစဉ်အလာ သမားရိုးကျ သင်္ကြန်မဟုတ်၊ သာမန်နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးသောသင်္ကြန်မျှသာမဟုတ် နိုင်ငံတော်သစ်(ဝါ) စည်းကမ်းစနစ်ကျ၍ မွန်မြတ်သန့်စင်သော ဒီမိုကရေစီနိုင်ငံတော်သစ်သို့ ကူးပြောင်းမည့် သင်္ကြန်လည်း ဖြစ်ပေသည်။

သင်္ကြန်တွင် အေးမြသောအတာ ရေဖြာဝေသွန်းကာ အေးမြခြင်းပီတီကို ခံစားကြရသော မြန်မာတိုင်းရင်းသားပြည်သူတို့ အနှစ်သာရလေးနက်မွန်မြတ်သော ရင်တွင်းဖြစ် ပီတိဆန္ဒကိုယ်စီဖြင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပဆင်နွှဲကြပေတော့မည်။

တိုင်းရင်းသားပြည်သူတို့ စုံစုံညီညီ အချိန်ယူ ကျင်းပညှိနှိုင်းဆွေးနွေးခဲ့ကြသည့် အမျိုးသားညီလာခံကြီးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲရန် အကောင်းဆုံးသော အခြေခံမူများ၊ အသေးစိတ်အခြေခံမူများ ချမှတ်ခဲ့ပေသည်။ ယင်းသို့ အမျိုးသားညီလာခံကြီးက ချမှတ်ပေးခဲ့သော အခြေခံမူများကိုအခြေခံပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ၂၀၀၈ မူကြမ်းကို မူကြမ်းရေးဆွဲရေးကော်မရှင်က ရေးဆွဲခဲ့ပြီးဖြစ်သည်။

၂၀၀၈ သင်္ကြန်အလွန် နွေအလှဆင်သောမေလတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ မူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး မဲဆန္ဒရှင်ပြည်သူတို့၏ အတည်ပြုမဲ(ဝါ)ထောက်ခံမဲဖြင့် အတည်ပြုကြပေတော့မည်။

တက္ကသိုလ်မြတ်သူ

နှစ်ဟောင်းတို့သည် ကုန်ခဲ့ပြီ။ နှစ်သစ်သည် ကူးပြောင်းလာပေပြီ။ မြန်မာနိုင်ငံတွင် ၁၉၄၇ခုနှစ်က ရေးဆွဲခဲ့သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည်လည်းကောင်း၊ ၁၉၇၄ ခုနှစ်က ရေးဆွဲခဲ့သော ဖွဲ့စည်းပုံ အခြေခံဥပဒေသည်လည်းကောင်း နှစ်ဟောင်းများနှင့်အတူ ကျန်ရစ်ခဲ့ပေပြီ။

၂၀၀၈ခုနှစ် မြန်မာတို့၏ နှစ်သစ်ကာလတွင် ပါတီစုံဒီမိုကရေစီနှင့် ထာဝရတည်တံ့ခိုင်မြဲ၍ အချုပ်အခြာအာဏာရစ်ပတ်ထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သို့ မြန်မာတို့ ကူးပြောင်းကျင့်သုံးကြပေတော့မည်။ မြန်မာတို့ကနှစ်ဟောင်းကို နှုတ်ဆက်၊ နှစ်သစ်ကို ဝမ်းပန်းတသာ ကြိုဆိုသည်ကို သင်္ကြန်တော်ခေါ်သည်ဟု ဆိုကြသည်။

ယခုနှစ် အတာရာသီတွင်မူ မြန်မာတို့သည် နှစ်သစ်ကိုကြိုဆိုကြသည့် ရိုးရာသင်္ကြန်ပွဲကိုသာမက ဒီမိုကရေစီနိုင်ငံတော်သစ်၏ မုခ်ဦးသစ်ဖွင့်လှစ်ပွဲဟု ဆိုရမည့် အခြေခံဥပဒေမူကြမ်းအသစ်ကို ကြိုဆိုထောက်ခံအတည်ပြုကြပြီး ပါတီစုံဒီမိုကရေစီ ရွေးချယ်တင်မြှောက်ပွဲ၊ ရွေးချယ်ခံကိုယ်စားလှယ်များဖြင့် အခြေခံဥပဒေသစ်နှင့်အညီ ဒီမိုကရေစီလမ်းပြမြေပုံမှ လုပ်ငန်းစဉ်အမှတ်(၅)(၆)(၇)တို့ကို ဆက်လက်အကောင်ဖော်ရန် စတင်တာထွက်သည့်ပွဲဟုလည်း ဆိုနိုင်ပေသည်။

နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် နိုင်ငံသားပြည်သူတို့က မိမိတို့ပိုင်ဆိုင်အပ်သော အချုပ်အခြာအာဏာကို မိမိတို့ရွေးကောက် တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ် (ဥပဒေပြုမည့်သူများ၊ အုပ်ချုပ်ရေးယန္တရား တာဝန်ယူမည့်သူများ (ဝါ) အစိုးရများ၊ ဥပဒေနှင့်အညီ တရားစီရင်မည့်သူများ)အား ပြည်သူ့အာဏာကို ကိုယ်စားကျင့်သုံးရာ၌ မဖြစ်မနေလိုက်နာကြရမည့် ပြည်သူ့စည်းမျဉ်း၊ စည်းကမ်းများပင်ဖြစ်သည်။ ထို့ကြောင့်လည်း ဥပဒေပညာရှင်များနှင့် နိုင်ငံရေးသိပ္ပံပညာရှင်များက နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် ပြည်သူနှင့် အစိုးရတို့ ချုပ်ဆိုသော စာချုပ်ကြီးဖြစ်သည်ဟု ခိုင်းနှိုင်းသုံးနှုန်းကြခြင်းဖြစ်သည်။

မေလအတွင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပအတည်ပြုမည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း (၂၀၀၈)သည် အချုပ်အခြာအာဏာရပ်ကြီးသုံးရပ်ကို ပိုင်းခြားကျင့်သုံးစေသဖြင့် ကမ္ဘာတွင်ပွဲတွေ့ အတည်ငြိမ်ဆုံး၊ မျှတမှု၊ ခိုင်မာမှု အရှိဆုံးမူများဖြင့် ရေးဆွဲထားသည်။ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲစေရန် အာမခံထားသည်။ ယခင်အခြေခံဥပဒေ(ဟောင်း)များတွင် နိုင်ငံသားတို့၏ မူလအခွင့်အရေးများ ပုဒ်မ ၂၀ ကျော်စီမျှသာပါရှိပြီး ယခုအခြေခံဥပဒေသစ်တွင် နိုင်ငံသားတို့၏ မူလအခွင့်အရေးနှင့် တာဝန်ဆိုင်ရာ ပုဒ်မ ၅၀ ပါရှိသည်။

မြန်မာပြည်ထောင်စုကို ဖွဲ့စည်းရာ၌ တိုင်းရင်းသားစုံ ပြည်နယ်ခုနစ်ခု၊ တိုင်းရင်းသားများ ပြန့်ကျဲရောယှက်နေထိုင်သော တိုင်းဒေသကြီးခုနစ်ခုဖြင့် ဖွဲ့စည်းထားသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သီးခြားလွှတ်တော်များ၊ သီးခြားအုပ်ချုပ်သူ ဝန်ကြီးချုပ်များ၊ တရားရုံးများရှိသည်။ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တွင်လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များတွင်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုခြောက်ခုတွင်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုံလင်စွာ ရွေးချယ်တင်မြှောက်ခံရပြီး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး အာဏာရပ်များကို ကိုယ်တိုင် ကိုင်တွယ်ကျင့်သုံးနိုင်ကြမည်ဖြစ်သည်။ ထိုမျှမက နိုင်ငံလူဦးရေအားလုံး၏ ၀ ဒသမ ၁ ရာခိုင်နှုန်းရှိသော တိုင်းရင်းသားလူမျိုးများသည်လည်း ကိုယ်စားလှယ်တစ်ဦးကျစီ စေလွှတ်နိုင်ကြမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများစွာ (အထူးသဖြင့်ပြည်ထောင်စုများစွာ)၌ တိုင်းရင်းသားလူမျိုးများ အနေဖြင့် ဤရွေ့ဤမျှ အချုပ်အခြာအာဏာ ကျင့်သုံးခွင့်မျိုး မရရှိသည်ကို အလွယ်တကူ တွေ့နိုင်ပေသည်။

အထူးတင်ပြလိုသည်မှာ နိုင်ငံတစ်ခုသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်လျှင် အချုပ်အခြာအာဏာ ကျင့်သုံးမှုဆိုင်ရာ နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ ရှိကြရစမြဲဖြစ်သည်။ မြန်မာတို့အနေဖြင့် ဤသို့လိုအပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကြီးတစ်ရပ် ကြိုးစားပမ်းစား ရေးဆွဲနိုင်ခဲ့ပြီဖြစ်သည်။ အခြေခံဥပဒေမရှိဘဲ ဆက်နေကြဦးမည်လား၊ အခြေခံဥပဒေတစ်ရပ်ကို မိမိရရဆုပ်ကိုင် ကျင့်သုံးနိုင်အောင် ဆန္ဒမဲပေး၍ အတည်ပြုကြမည်လား စဉ်းစားဆုံးဖြတ်ကြရမည့် အချိန်ဖြစ်သည်။

ပြည်တွင်းပြည်ပ အဖျက်သမားများ၊ ကိုလိုနီနယ်ချဲ့များ၏ မလိုတမာစိတ်ထားဖြင့် အဖျက်သဘော ဝေဖန်ပြစ်တင်နေသည်များကို နားမယောင်ကြဘဲ ပြည်သူ့အာဏာကို စည်းကမ်းကျနသော ဒီမိုကရေစီပုံစံဖြင့် ကျင့်သုံးနိုင်ကြရန် မိမိတို့၏ဦးနှောက် ကိုယ်ပိုင်အသိဉာဏ်ဖြင့် ချင့်ချိန်သုံးသပ်ကာ ရင်တွင်း နှလုံးသားဆိုဆို၊ အသည်းကြားမှဆိုဆို စေတနာဆန္ဒမွန်များဖြင့် မဲရုံကို သွားရောက်ဆန္ဒမဲပေးပြီး အတည်ပြုကြခြင်းဖြင့် မြန်မာနိုင်ငံရေး အကူးအပြောင်း သင်္ကြန်တော် ခေါ်ကြပါစို့ဟု "နိုင်ငံကြော့ ပြည်သူကို- ပန်ဆယူ တာရေသွန်းချိန်၌" အနောဒိသ-ဩဓိသ နှစ်သစ်ဆုမွန် ထုံလွှမ်းသော မေတ္တာဖြင့် တိုက်တွန်းဆော်ဩလိုက်ပါကြောင်း။ ။

ရိုးရာသင်္ကြန် မြန်မာ့ဟန်

* နှစ်ကူးတဲ့ သင်္ကြန်ခါ
ရွှေဝါရောင် ပိတောက်ပန်း၊
တစ်နှစ်မှာ တစ်ခါ
တစ်ခါမှာ တစ်ရက်ပွင့်
ပွင့်သည့်ခါ ပင်လုံးညွတ်
ဆွတ်ပျံ့ကြိုင်လျှမ်း…။

* ပန်းစုံတဲ့ လတန်ခူးမှာ
ပက်လာတဲ့ အတာရေ၊
မြန်မာ့ရေ မြန်မာ့ပွဲပေမို့
သပြေညို ရွှေတစ်ခက်နဲ့
ရေပက်တာ စဉ်အလာမို့
ကျန်းမာသက်ရှေ(ရှည်)…။

* စေတနာထပ်ထပ်လောင်း
စုပေါင်းလှူတဲ့ စတုဒိသာ
မုန့်လက်ဆောင်းပါ မကျန်စေရ၊
မုန့်လုံးရေပေါ်
အခါတော်သင်္ကြန် ထမင်းရယ်နဲ့
ကြီးကြီးငယ်ငယ် လူအများ
စားကြပျော်ကြ…။

* မိဘဘိုးဘွား လူကြီးများ
စဉ်လေးစား မြဲရှိသေ၊
ရေအလှူကုသိုလ်ဒါနနဲ့
နံ့သာလိမ်းခေါင်းလျှော်ရည်
တရော်ကင်ပွန်း မြန်မာ့ဟန်နဲ့
တောင်းဆုခါခြွေ။

* တရားသံဝေ
ဆုပန်ခြွေခါခါတောင်း၊
ကောင်းမင်္ဂလာ
ခညောင်းကာဝေနေယျာတို့
ထေရ်မြတ်စွာ ရုပ်ရှင်မြတ်ကို
ရေဆက်ကပ်လောင်း။ ။

ဖိုးရန်နိုင်(ကျောက်ကြီး)

နှစ်ဦးသင်္ကြန်

* နှစ်အကူးပေမို့
ပုရစ်ဖူးငယ်ဝေဝေ
နှစ်ဦးငဲ့နွေဝယ်
သိန်သရေ ထိန်ဝေလျှမ်းပါဘိ
ပန်းပိတောက် ဝါလွင်လွင်နဲ့
အတာသဘင် ခင်းတယ်လေး---။

* သင်္ကြန်ပွဲတော်---
အစဉ်အလာတစ်မျိုး၊ ယဉ်ကာမရိုးနိုင်ဘု
ဘိုးဘွားတို့ရွှင်ပျော်၊ ခေါင်းဆေးလျှော်လို့
သူတော်သူကောင်း၊ ဘုရားကျောင်းမှာ
လွတ်ကြောင်းရရန်၊ ဆုထူးငယ်ပန်ကြ
ဒိုးသံချိုမြ၊ ရွှေရိုးအကနှင့်
အလှတင့်နေ၊ သဒ္ဒါဝေပေါ့
စေတနာကောင်းမှု၊ ဒါနပြုကာ
စတုဒိသာ၊ ဖွယ်ဖွယ်ရာကို
လာသူမရွေး၊ ညှော်ခံကျွေးရင်း
ဘေးမဲ့ပေးလှူ၊ စိတ်ရင်းငယ်ဖြူသည်
မြန်မာ့မူ လေ့ထုံးတမ်းပေမို့
နှလုံးလန်းကြည်အေး---။ ။

ရေနံ့သာမောင်ကျော်ညွန့်

စွမ်းရည်ထက်မြက်သော အဆင့်မြင့်မီးသတ်ကိရိယာများ

တွေ့ဆုံမေးမြန်းသူ – အောင်နိုင်ဦး
မှတ်တမ်းဓာတ်ပုံ – သန့်ဇင်ထွန်း(ကြေးမုံ)

ရန်ကုန် ဧပြီ ၁၃

လုံလောက်သော အပူချိန်၊ အောက်ဆီဂျင်နှင့် လောင်စာဟူသော အကြောင်းသုံးပါး ပေါင်းဆုံလျှင် မီးသည် အချိန်အခါမရွေး၊ နေရာဒေသမရွေး လောင်နိုင်သည်။ အဆိုပါ အကြောင်းသုံးပါးအနက် တစ်ခုခုကို ဖယ်ရှားပိတ်ဆို့ ဖြတ်တောက်နိုင်ပါက လောင်ကျွမ်းနေသော မီးကို ငြိမ်းသတ်နိုင်သည်ဟု မီးသတ်ပညာရှင်များက အဆိုရှိသည်။

မီးလောင်မှုဖြစ်ပွားပါက အစဉ်အလာအားဖြင့် ရေ၊ ဓာတုပစ္စည်းအမြှုပ်၊ အမှုန့်စသည်တို့ဖြင့် ပက်ဖျန်းငြိမ်းသတ်ခဲ့ကြသည်။ သမားရိုးကျ မီးသတ်ကိရိယာများမှာ အတိုင်းအတာတစ်ခုအထိ ထိရောက်မှုရှိသော်လည်း ကန့်သတ်ချက်များစွာ ရှိနေသည်ကို တွေ့ရသည်။ ဥပမာအားဖြင့် ဓာတုပစ္စည်းသုံးစွဲသည့် မီးသတ်ကိရိယာများမှာ လုပ်ငန်းအဆင့်များခြင်း၊ သယ်ယူပို့ဆောင်ရန် ခက်ခဲခြင်း၊ သုံးစွဲရာတွင် လူကို အန္တရာယ်ဖြစ်နိုင်ခြင်း၊ သုံးစွဲပြီးနောက် ပြန်လည်ဖြည့်တင်းရန် ခက်ခဲခြင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းစေခြင်း စသည့် အားနည်းချက်များရှိနေသည်။ ရေသုံးစွဲသည့် မီးသတ်ကိရိယာများမှာလည်း မီးလောင်မှုကြီးများတွင် မီးသတ်ကားကြီးများဖြင့်သာ ငြိမ်းသတ်နိုင်ခြင်း၊ ကားတစ်စီးချင်းစီ၏ ရေသယ်ဆောင်နိုင်မှုပမာဏအရ ရေပက်နိုင်သည့် အချိန်တိုတောင်းခြင်း၊ ကျဉ်းမြောင်းသည့်နေရာများသို့ မဝင်ရောက်နိုင်ခြင်း စသည့်အားနည်းချက်များ ရှိနေခဲ့သည်။

သိပ္ပံနှင့်နည်းပညာများ တိုးတက်လာသည်နှင့်အမျှ မီးဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများ၊ မီးငြိမ်းသတ်ရေးကိရိယာများတွင်လည်း နည်းပညာများ တိုးတက်ဖြစ်ထွန်းလာပြီဖြစ်ရာ AFT (Advanced Firefighting Technology) ခေါ် အဆင့်မြင့် မီးငြိမ်းသတ်ရေး ကိရိယာများလည်း ပေါ်ထွန်းလာခဲ့ပြီ ဖြစ်သည်။

AFT မီးသတ်ကိရိယာများအကြောင်း သိကောင်းစရာများနှင့် စပ်လျဉ်း၍ ရေးသားတင်ပြနိုင်ရန်အတွက် OK Myanmar Co.,Ltd. ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးအောင်တို့အား တွေ့ဆုံမေးမြန်းခဲ့ရာတွင် –

ကြေးမုံ ။ ။ AFT နည်းပညာနဲ့ပေါ်ပေါက်လာပုံကို သိပါရစေ။

ဦးဇော်ဝိတ် ။ ။ AFT နည်းပညာဟာ ဂျာမန်နည်းပညာဖြစ်ပါတယ်။ မီးငြိမ်းသတ်ရာမှာ ရေကိုပဲသုံးစွဲထားပေမယ့် ရေနည်းနည်းနဲ့ အချိန်တိုတိုအတွင်းမှာ ထိထိရောက်ရောက် ငြိမ်းသတ်နိုင်အောင် တီထွင်ထားတဲ့ နည်းပညာဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ်မှ စတင်ပြီး ဂျာမန်ပညာရှင်တွေက သုတေသန ပြုခဲ့ကြတာဖြစ်ပြီး ၂၀၀၀ပြည့်နှစ်မှာ အောင်အောင်မြင်မြင်နဲ့ လူထုသုံးစွဲနိုင်တဲ့ပစ္စည်း

ရော်ဘာစိုက်ခင်းများတွင် မီးလောင်မှုဖြစ်ပွားပါက မော်တော်ဆိုင်ကယ်ပေါ်တွင်တပ်ဆင်၍ မီးလောင်သည့်နေရာသို့ အလျင်အမြန်သွားရောက်ငြိမ်းသတ်နိုင်သည့် AFT 09/03 ကျောပိုးစနစ် မီးသတ်ကိရိယာအားတွေ့ရစဉ်။

အောက်ခံဘီးပါရှိပြီး အလွယ်တကူ ရွှေ့ပြောင်း သယ်ယူနိုင်သည့် တွန်းလှည်း စနစ်သုံး AFT 35/01 Trolley System အား တွေ့ရစဉ်။

တွေအဖြစ် ထုတ်လုပ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကိုတော့ ၂၀၀၅ ခုနှစ်မှာစပြီး တင်သွင်း မိတ်ဆက်ခဲ့ပါတယ်။

ကြေးမုံ ။ ။ AFT နည်းပညာပိုင်းရဲ့ အားသာချက်ကိုလည်း ရှင်းပြပေးပါဦး။

ဦးနေမျိုးအောင် ။ ။ AFT နည်းပညာဟာ ရေကို ရေမှုန်ရေမွှား(Water Mist)အဖြစ် ပြောင်းလဲပြီး မီးတောက်နေရာကို ဖိအားနည်းနည်းသုံးရုံနဲ့ အရှိန်ပြင်းပြင်း ရောက်နိုင်အောင် တီထွင်ထားတာဖြစ်ပါတယ်။ ရေမှုန်အရွယ်အစားဟာ ၅၀မိုက်ခရွန်အောက် သေးငယ်မယ်ဆိုရင်လည်း မီးအပူရှိန်ကြောင့်အငွေ့ပြန်သွားပြီး မထိရောက်နိုင်ပါဘူး။ တစ်ခါ ရေမှုန်အရွယ်အစားဟာ ၂၀၀မိုက်ခရွန်ထက်ကြီးမယ်ဆိုရင်လည်း ရေဟာ မီးတောက်ကို ကျော်လွန်သွားပြီး လေလွင့်မှုများပြားနိုင်ပါတယ်။ ရေမှုန်အရွယ်အစား ၁၀၀ကနေ ၁၅၀ မိုက်ခရွန်အတွင်း မှန်မှန်ကန်ကန် ထုတ်ပေးနိုင်မယ်ဆိုရင် မီးလောင်မှုအပူရှိန်ကိုလည်း ကျဆင်းနိုင်မယ်၊ ရေခိုးရေငွေ့အဖြစ်နဲ့ မီးညွန့်အပေါ်မှာ ဖုံးအုပ်ထားသလို ဖြစ်တဲ့အတွက် အောက်ဆီဂျင်ဓာတ်ကို ပြတ်တောက်စေပြီး ရုတ်တရက် မီးညွန့်ကျိုးသွားစေပါတယ်။

ကြေးမုံ ။ ။ ဘယ်လိုလောင်စာအမျိုးအစားတွေကို AFT နဲ့ ငြိမ်းသတ်နိုင်ပါသလဲ။

ဦးနေမျိုးအောင် ။ ။ ဖော့စဖရပ်လို ဓာတုပစ္စည်းတွေကြောင့် လောင်တဲ့မီးကလွဲရင် ကျန်တဲ့လောင်စာ အမျိုးအစားအားလုံးကို ငြိမ်းသတ် ပေးနိုင်ပါတယ်။ ဆီနဲ့ ဓာတ်ငွေ့လို လောင်စာတွေကိုတော့ ရေနဲ့Foam ကို ရောသုံးရမှာ ဖြစ်ပါတယ်။

ကြေးမုံ ။ ။ ဝိုင်ယာရှော့ခ်ဖြစ်လို့ လောင်တဲ့မီးတွေရော ငြိမ်းသတ်နိုင်ပါသလား။

ဦးနေမျိုးအောင် ။ ။ အထူးထုတ်လုပ်ထားတဲ့ နော်ဇယ်ခေါင်း တပ်ဆင်ထားတဲ့သေနတ်ကို အသုံးပြုပြီး 36KV ဓာတ်အားကို တစ်မီတာ အကွာအဝေးကနေ ထိထိရောက်ရောက် ငြိမ်းသတ်နိုင်ပါတယ်။

ကြေးမုံ ။ ။ AFT မီးသတ်ကိရိယာတွေကိုနိုင်ငံတကာမှာ လက်ခံသုံးစွဲမှုအခြေအနေကိုလည်း သိပါရစေ။

ဦးဇော်ဝိတ် ။ ။ အမေရိကန်နဲ့ ဂျပန်နိုင်ငံတို့လို စက်မှုဖွံ့ဖြိုးပြီး နိုင်ငံတွေကလည်းဂျာမနီ ရဲ့AFT ပစ္စည်းတွေကိုတင်သွင်းပြီး သုံးစွဲနေကြပါတယ်။ စင်ကာပူနဲ့ အိန္ဒိယမှာ မော်တော်ဆိုင်ကယ် မီးသတ်တပ်ဖွဲ့တွေ ဖွဲ့စည်းပြီး မီးလောင်တာနဲ့ ရှေ့ပြေးတပ်အဖြစ် အမြန်ဆုံး သွားရောက်ငြိမ်းသတ်ဖို့ စီမံထားပါတယ်။ မလေးရှားနိုင်ငံက ကျေးရွာ အပျော်တမ်းမီးသတ်တပ်ဖွဲ့တွေနဲ့ အင်ဒိုနီးရှား တပ်မတော်မှာလည်း AFT Package Type တွေ ဝယ်ယူတပ်ဆင်ထားကြတယ်လို့ သိရပါတယ်။ ကမ္ဘာ့နိုင်ငံပေါင်း၅၀ကျော်မှာ AFTတွေကို တွင်တွင်ကျယ်ကျယ် သုံးစွဲနေကြပါပြီ။

ကြေးမုံ ။ ။ AFT မီးသတ်ပစ္စည်းတွေရဲ့ ဈေးနှုန်းအနေအထားကရော ဘယ်လိုရှိပါသလဲ။

ဦးဇော်ဝိတ် ။ ။ AFTဟာ အဆင့်မြင့်နည်းပညာသုံး ပစ္စည်းတွေဖြစ်တဲ့အတွက် သာမန်မီးသတ်ကိရိယာတွေထက်တော့ ဈေးပိုပါတယ်။ ဒါပေမယ့် ဒီပစ္စည်းကိရိယာတွေဟာ မီးသတ်ရာမှာ အစွမ်းထက်ထိရောက်တဲ့ နောက်ဆုံးပေါ် ကိရိယာတွေပါ။ မီးလောင်မှုတိုင်းမှ စက္ကန့်တိုင်းဟာ အရေးကြီးပါတယ်။ စက်ရုံအလုပ်ရုံတွေ၊ ရုပ်ပါ မားကတ်တွေ၊ စတိုးဆိုင်တွေ၊ လေဆိပ်၊သင်္ဘောဆိပ်တွေ၊ ကားစခန်းတွေ၊ ဘဏ်တွေ၊ ဟိုတယ်၊ မိုတယ်၊ ကစားကွင်းတွေ၊ ရော်ဘာစိုက်ခင်းတွေ စတဲ့နေရာတွေမှာ AFT မီးသတ်ကိရိယာတွေ ရှိနေသင့်ပါတယ်။

ကြေးမုံ ။ ။ အဆင့်မြင့် ပစ္စည်းကိရိယာတွေ ဆိုတဲ့အတွက် သုံးစွဲရာမှာရော လွယ်ကူမှုရှိပါရဲ့လား။

ဦးနေမျိုးအောင် ။ ။ လူတိုင်း အလွယ်တကူ၊ ပေါ့ပေါ့ပါးပါး သုံးစွဲနိုင်ပါတယ်။ ပြုပြင်ထိန်းသိမ်းဖို့လည်း မလိုဘဲနဲ့ သက်တမ်းကြာကြာလည်း အသုံးပြုနိုင်ပါတယ်။ AFT ပစ္စည်းကိရိယာတွေကို ကြည့်ရှုလေ့လာလိုရင်ပဲ ဖြစ်ဖြစ်၊ ဝယ်ယူအသုံးပြုလိုရင်ပဲဖြစ်ဖြစ် OK Myanmar Co., Ltd. အမှတ် ၁၆၃ ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့ ဖုန်း-၉၅၁-၃၉၂၉၈၆၊ ၃၉၂၉၈၇နဲ့ Fax-၉၅၁-၃၉၂၉၉၈တို့သို့ ဆက်သွယ်နိုင်ပါတယ်။ ။

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၇) ကျောင်းဆင်းအရာရှိများက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ နဝကမ္မငွေပဒေသာပင် အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၄-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	ဘုရားပွင့်လာရခြင်း တရားတော် (အပိုင်း-၃) (ဆရာတော် အရှင်ပုညာနန္ဒ)
၈း၀၀-၂း၀၀	Soccer Update
၈း၁၅-၂း၁၅	မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရဆရာတော် ဘဒ္ဒန္တကောဏ္ဍည
၈း၄၀-၂း၄၀	ခါသကြ်န်အဆိုအက
၈း၄၅-၂း၄၅	ကြည့်ညိုဖူးမြော်ဖွယ်ရာ စေတီတော်ထီးတော်တင် မင်္ဂလာ
၉း၀၀-၃း၀၀	ပြည်တွင်းသတင်း အကျဉ်း
၉း၁၀-၃း၁၀	ခါသကြ်န်အဆိုအက
၉း၁၅-၃း၁၅	စိုက်ပျိုးဝေဆာတို့မြေမှာ (ဆေးသကြား)
၉း၃၀-၃း၃၀	နိုင်ငံတကာသတင်း အကျဉ်း
၉း၃၅-၃း၃၅	ခါသကြ်န်အဆိုအက
၉း၄၅-၃း၄၅	ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင်
၁၀း၀၀-၄း၀၀	မိုးလေဝသခန့်မှန်းချက်
၁၀း၀၅-၄း၀၅	MRTV-4 စာအုပ်စင်ကဏ္ဍ (ရှုမငြီးဓာတ်ပုံမဂ္ဂဇင်း အယ်ဒီတာချုပ် နေမျိုးညွန့်နှင့် တွေ့ဆုံခြင်း)
၁၀း၁၅-၄း၁၅	ပြည်တွင်းသတင်း အကျဉ်း
၁၀း၂၅-၄း၂၅	ခါသကြ်န်အဆိုအက
၁၀း၃၀-၄း၃၀	တည်ငြိမ်အေးဆေးစွာ တရားဘာဝနာ အားထုတ်နိုင်စေရာ
၁၀း၄၅-၄း၄၅	နိုင်ငံတကာသတင်း အကျဉ်း
၁၀း၅၀-၄း၅၀	သင်္ကြန်အကျနေ့ မြင်ကွင်း
၁၁း၀၀-၅း၀၀	မြိတ်မြို့မိသားစုဝင်များ၏ မြန်မာပြည်အနှံ့ဘုရားဖူးနှင့် လေ့လာရေးခရီးစဉ် (အပိုင်း-၁)
၁၁း၄၀-၅း၄၀	ခါသကြ်န်အဆိုအက
၁၁း၄၅-၅း၄၅	MRTV-4 ကျန်းမာရေး ကဏ္ဍ(နွေရာသီတွင်ဖြစ်ပွားတတ်သော ရောဂါများ အကြောင်း)(ပါမောက္ခ ဒေါက်တာ ဦးကိုကိုလှနှင့် တွေ့ဆုံခြင်း)
၁၂း၀၀-၆း၀၀	ဇော်ဝမ်းသင်္ကြန်
၁၂း၃၀-၆း၃၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင်(ဒီဇိုင်နာယုံယုံးနှင့် တွေ့ဆုံခြင်း)
၁၂း၅၀-၆း၅၀	ခါသကြ်န်အဆိုအက
၁၂း၅၅-၆း၅၅	ထူးထူးခြားခြား ရာသီဥတု ဖြစ်စဉ်များ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV - 4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၄	Chelsea-Wigan	ESPN(Live)

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ဟံသာဝတီလမ်း အရိုးအထူးကုဆေးရုံဝင်းနေ ဦးဝင်းသန်း၊ ဒေါ်ရည်ရည်လွင် မိသားစုက ဆွမ်းပဒေသာပင် အလှူငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြောက်ဥက္ကလာပမြို့နယ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ အလယ်တန်းနှင့် မူလတန်းသင် ဆရာဆရာမများအား သင်ကြားရေး မွမ်းမံသင်တန်းဖွင့်ပွဲကို မတ်၃၁ရက်က မြောက်ဥက္ကလာပမြို့နယ် ဓမ္မမေဒိနီပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဇာနေယျ (မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) အရှင်သူမြတ်က အဖွင့်သြဝါဒမြွက်ကြားစဉ်။ (က-ပ)

ဟသ်ာတ မြစ်ကျိုးအင်းရေစီးကြောင်းနှင့် တာတမံများ အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဧရာဝတီတိုင်း ဟသ်ာတခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များနှင့်အတူ ဧပြီ ၅ရက်က ဟသ်ာတမြို့အတွင်း ပတ္တမြားပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တအရိယဝံသအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဟသ်ာတမြို့ ပြည်လုံးကပ်ကျော် ဦးပါရဲစေတီတော်အား ဖူးမြော်ကြည်ညိုပြီး စေတီတော်နှင့်သာသနိက အဆောက်အအုံများ ဘက်စုံပြုပြင်မွမ်းမံထားမှုတို့ကို လှည့်လည်ကြည့်ရှုကာ ဂေါပကအဖွဲ့သို့ အလှူငွေများပေးအပ်လှူဒါန်းသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် ဟသ်ာတမြစ်ကျိုးအင်း၏ ရေစီးလမ်းကြောင်းနှင့် ဟသ်ာတ တာတမံများ၏ အခြေအနေကို ကြည့်ရှုစစ်ဆေးကာ တာတမံများ ကြံ့ခိုင်မှုရှိရေး ဆောင်ရွက်ထားရန် သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် ဟသ်ာတမြို့ မြစ်ကွေ့ပရိယတ္တိ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တစန္ဒသိရီအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ကူညီပေး

ယင်းနောက် အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့သည် ဟသ်ာတမြို့ မြို့သူကြီးစေတီတော်အား ဖူးမြော်ကြည်ညိုကာ စေတီတော်ဘက်စုံပြုပြင်မွမ်းမံရေး ကိစ္စရပ်များကို ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေး၍ လိုအပ်ချက်များ ဖြည့်ဆည်းကူညီပေးသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ဌာနဆိုင်ရာများနှင့် နေပြည်တော်တပ်ကုန်းဒေသခံပြည်သူများအားတွေ့ဆုံ မျက်မှောက်ကာလတိုးတက်မှုများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေး

နေပြည်တော် ဧပြီ ၁၃

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၈ရက် ညနေ၃နာရီခွဲက နေပြည်တော်တပ်ကုန်းမြို့ ဗုဒ္ဓသာသနာပြုဗိမာန်၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၍ နိုင်ငံတော်၏ မျက်မှောက်ကာလ ဖြစ်ပေါ်တိုးတက်နေမှုများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ဖူးမြော်ကြည်ညို

ထို့နောက် ဝန်ကြီးသည် ဆရာစံရပ်ကွက်ရှိ မဟာသီဟနာဒပရိယတ္တိ စာသင်တိုက်၌ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏအားလည်းကောင်း၊ မြို့ဦးပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုစိတ္တနှင့် ဆရာတော်များအားလည်းကောင်း သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကရဝိက်ဥယျာဉ်ကမ္ဘာ သင်္ကြန်အကြိုပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲတော်

ရန်ကုန် ဧပြီ ၁၃

ရန်ကုန်ကန်တော်ကြီးရှိ ကရဝိက်ဥယျာဉ်ကမ္ဘာ မဟာသင်္ကြန်အကြို ပျော်ပွဲရွှင်ပွဲများနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ဧပြီ ၁၀ ရက် ညနေ ၅နာရီက ကျင်းပရာ မဟာသင်္ကြန်အကြို ဈေးရောင်းပွဲတော်ကို မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၏ဇနီး ဒေါက်တာဒေါ်ခင်စန်းနွယ်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အောက်ပုံ)** ဈေးရောင်းပွဲတော်တွင် အမိကပ့်ပိုးသော ဥရောပအာရှကော်မာရှယ်ကုမ္ပဏီမှ အထူးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချနေသော ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုကြသည်။ ကရဝိက်ဥယျာဉ်ကမ္ဘာ မဟာသင်္ကြန်အကြို ပျော်ပွဲရွှင်ပွဲများကို ဧပြီ ၉ရက်မှ ၁၂ရက်အထိ ညစဉ်တေးဂီတ ဖျော်ဖြေပွဲများဖြင့် စည်ကားစွာ ကျင်းပကြောင်း သိရသည်။ (သတင်းစဉ်)

ဒေသအကျိုးပြု သုတေသနလုပ်ငန်းများ ဦးစားပေးလုပ်ဆောင် အင်္ဂလိပ်စာ အပြောစွမ်းရည်မြင့်မားအောင် သင်ကြားပေး

နေပြည်တော် ဧပြီ ၁၃

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အထက်မြန်မာပြည် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြဦး လိုက်ပါလျက် ဧပြီ ၈ရက် နံနက် ၉နာရီခွဲက မိတ္ထီလာတက္ကသိုလ်သို့ ရောက်ရှိပြီး အစည်းဝေးခန်းမ၌ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့်တွေ့ဆုံ၍ ဝန်ကြီးက ဒေသအကျိုးပြု သုတေသနလုပ်ငန်းများ ဦးစားပေးလုပ်ဆောင်ရေး၊ ကျောင်းသား ကျောင်းသူများအား အင်္ဂလိပ်စာ အပြောစွမ်းရည်မြင့်မားအောင် သင်ကြားပေးရေး၊ ပရိုဂျက်လုပ်ငန်းများတွင် ကျောင်းသား ကျောင်းသူများ ပူးပေါင်းပါဝင်အောင် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ရူပဗေဒဌာနမှ ကျောင်းသား ကျောင်းသူများ တည်ဆောက်ထားသည့် လေအားလျှပ်စစ် ထုတ်လုပ်မှုနှင့် နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူပုံတို့ကို ကြည့်ရှုအားပေးပြီး တည်ဆောက်လျက်ရှိသော သုံးထပ်စာသင်ဆောင်ဆောက်လုပ်ရေးလုပ်ငန်းခွင်တို့ကို ဝင်ရောက်ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာပညာရေးကောလိပ်၊ မိတ္ထီလာ စီးပွားရေးတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့သို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအား အရည်အသွေးမြင့်မားရေး၊ စည်းကမ်းကောင်းမွန်ရေး၊ တက္ကသိုလ်များကဆောင်ရွက်နေသော သုတေသနလုပ်ငန်းများသည် ဒေသဖွံ့ဖြိုးမှုကို မြှင့်တင်ပေးသည့် သုတေသနလုပ်ငန်းဖြစ်စေရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လှိုင်မြို့နယ် မြကန်သာအိမ်ရာ ကံ့ကော် ၄လမ်း အမှတ် ၂၁၆နေ ဒေါ် အေး အေး သိန်း နှင့်မိသားစုက ဗိုလ်မှူးမြင့်ရွှေ (ငြိမ်း) သုံးနှစ်ပြည့်အား ရည်စူး၍ ဒဂုံမြို့သစ် (အ ရှေ့ ပိုင်း) မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်ငါးသိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးညွန့်က လက်ခံယူစဉ်။ (က-ပ)

ထိုင်း နိုင် ငံ ဘုရားဖူး အဖွဲ့က ဗဟန်း မြို့ နယ် ဇီဝိတဒါန သံဃာ့ဆေး ရုံ ကြီး သို့ ထာဝရ နဝကမ္မငွေ ပဒေသာပင် အလှူငွေ ကျပ် ၉၀၄၃၀၀ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝင်းလွင် လက်ခံယူစဉ်။ (က-ပ)

ကြည့်မြင်တိုင်မြို့နယ်တွင် စားသောက်ဆိုင်၌ စကားများရာမှ ဓားခုတ်မှုဖြစ်ပွား

ရန်ကုန် ဧပြီ ၁၃

ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက် ဈေးကြီးလမ်းရှိ စားသောက်ဆိုင်တစ်ဆိုင်၌ ဧပြီ ၁၀ရက် ည၉နာရီခန့်က ဝင်းမြင့်(၄၂နှစ်) (ဘ) ဦးညွန့်ဝေ အမှတ်(၄၂) ဦးရွှေစိုးလမ်း မကျည်းတန်း (တောင်/အနောက်) ရပ်ကွက် ကြည့်မြင်တိုင်မြို့နယ်နှင့် မျိုးဝင်း (၄၁နှစ်) (ဘ) ဦးစိုးရှိန် အမှတ်(၃၉၃) အင်ကြင်းမြိုင်လမ်း သုဝဏ္ဏ သဃ်န်းကျွန်းမြို့နယ်တို့ နှစ်ဦး စားသောက်ပြီးပြန်လာခဲ့စဉ် အဆိုပါဆိုင်အတွင်း စကားများခဲ့သည့် လူငယ်နှစ်ဦးက ဓားရှည်များဖြင့် လိုက်လံထိုးခုတ်ခဲ့သည်။ ထိုသို့ ဓားဖြင့်ခုတ်သဖြင့် ဝင်းမြင့်မှာ ဦးခေါင်းနောက်စေ့၊ ဝဲလက်မောင်းနှင့် ဝဲလက်ဖျံတို့၌ လည်းကောင်း၊ မျိုးဝင်းမှာ ဝဲလက်ကောက်ဝတ်၊ ယာချိုစောင်းတို့၌လည်းကောင်း ပြတ်ရှဒဏ်ရာများ ရရှိခဲ့ပြီး ရန်ကုန်ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ကုသထားရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကြည့်မြင်တိုင်မြို့နယ် ရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆/၁၁၄ ဖြင့် တရားခံများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

14-4 (12).pmd 1 4/14/2008, 2:24 AM

ဖလားနှစ်လုံး မျှော်လင့်ခွင့်ရနေသော ချယ်ဆီးလ်နည်းပြဂရန့်

လန်ဒန် ဧပြီ ၁၃

ပရီမီယာလိဂ်မှာ ပွဲဆူအောင်လုပ်တတ်တဲ့နည်းပြ မော်ရင်ဟို ချယ်လ်ဆီးကနေပြီး ရုတ်တရက် ထွက်ခွာသွားချိန်ကတည်းက စိတ်ဓာတ်ပျက်ပြားပြီး စည်းလုံးညီညွတ်မှု အားနည်းနေတဲ့ အသင်းသားတွေကို တဖြည်းဖြည်းနဲ့ စိတ်ဓာတ်ကောင်းမွန်အောင်နဲ့ အသင်းရလဒ်ကောင်းအောင် ကြိုးစားပေးခဲ့သူကတော့ ဘယ်သူမှအထင်မကြီးခဲ့တဲ့ ချယ်လ်ဆီး နည်းပြ ဂရန့်ပဲဖြစ်ပါတယ်။

နည်းပြဂရန့်

ချယ်လ် ဆီး ကို အောင်မြင်မှု ရအောင် နည်းပြ ဂရန့် စွမ်းဆောင်နိုင်ပါ့မလား။

ဂရန့်ဟာ ချယ်လ်ဆီးအသင်းကို စတင်ကိုင်တွယ် ကတည်းက အခက်အခဲ ပေါင်းများစွာနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့သူ ဖြစ်ပြီး အသင်းမှာရှိတဲ့ အဓိကကစား သမားတွေက အသင်းက ထွက်ခွာတော့မယ့် အသံတွေနဲ့ အသင်းရဲ့ အရှိန်ရနေတဲ့ အောင်မြင်မှုလမ်းကြောင်းက သွေဖည်မယ့် အခြေအနေတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။

အခြေအနေကောင်း

ဒါပေမယ့် အလုပ်အပေါ်မှာပဲ အာရုံ စူးစိုက်ပြီး အသင်းအောင်မြင်မှုရရေးကို ကြိုးစား အကောင်အထည်ဖော်ခဲ့တာမို့ အခုဆိုရင် ချယ်လ်ဆီးဟာ ချန်ပီယံလိဂ် မှာရော ပရီမီယာလိဂ်မှာပါ အခြေအနေ ကောင်းတွေနဲ့ ကြုံတွေ့နေရပြီ ဖြစ်ပါ တယ်။

လက်လွှတ်ခဲ့ရ

မော်ရင်ဟိုမရှိတဲ့နောက်မှာ ချယ်လ် ဆီး ရေစုန်မျောပြီလို့ တွေးထင်ထားတဲ့ ဝေဖန် ဖိအားပေးမှုတွေကို ကြံ့ကြံ့ခံရင်း လက်ရှိ အနေအထားအထိ ရောက်အောင် နည်းပြဂရန့် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ မော်ရင်ဟို လက်ထက်က ရယူပေးခဲ့တဲ့ အက်ဖ်အေဖလားကိုတော့ နည်းပြဂရန့် လက်လွှတ်ခဲ့ရတာဟာ အဲဒီအချိန်မှာ အဓိက ကစားသမားအချို့ ဒဏ်ရာအနာတရတွေ ဖြစ်ပြီး စွမ်းအားပြည့် အသင်းမှာ ပါဝင် မကစားနိုင်ခဲ့ခြင်းလည်း ပါဝင်ပါတယ်။

သုံးမှတ်သာကွာ

ဒါပေမယ့်အင်္ဂလန်ထိပ်တန်း ကလပ် အသင်းကြီးတွေ အရေးထားတဲ့ ပရီမီယာ လိဂ်ဖလား ရယူရေးအတွက်မှာတော့ ချယ်လ်ဆီးဟာ လက်ရှိ ၃၃ပွဲကစားပြီး ချိန်မှာ ပထမနေရာက မန်ယူထက် သုံးမှတ် သာကွာပြီး ပရီမီယာလိဂ်ဖလားကို မှန်း နိုင်တဲ့ အခွင့်အရေးရှိထားပါတယ်။

အင်အားတောင့်တင်း

လက်ရှိပရီမီယာလိဂ်ပွဲ ၃၃ပွဲကစား ပြီးချိန်မှာ အိမ်ကွင်း လုံးဝရှုံးပွဲမရှိအောင် စွမ်းဆောင် ပေးထားနိုင်ပြီး ၂၂ပွဲနိုင်၊ ရှစ်ပွဲသရေ၊ အဝေးကွင်းမှာ သုံးပွဲရှုံးထား ပါတယ်။ ချယ်လ်ဆီး အသင်းမှာရှိတဲ့ အားသာချက် တစ်ရပ်ဖြစ်တဲ့ အရန်လူ အင်အား တောင့်တင်းမှုကို နည်းပြဂရန့် ကောင်းကောင်း အသုံးချနိုင်ခဲ့ပါတယ်။

အားသာချက်

ဒါကြောင့် အဓိက ဘောလုံးသမား တွေ ဒဏ်ရာရရှိနေချိန်မှာ အသင်းရဲ့ကစား အားမပျက်သွားအောင် နည်းပြ ဂရန့် အစားထိုး ဖန်တီးနိုင်ခဲ့ပါတယ်။ နည်းပြ ဂရန့်ရဲ့ အားသာချက်က ဘောလုံးသမား တွေကို မှန်မှန်ကန်ကန် ထုတ်သုံးနိုင်တာပဲ ဖြစ်ပါတယ်။

စနစ်တကျပွဲထုတ်

ချယ်လ်ဆီးအသင်းအတွက် အကျိုး ဖြစ်ထွန်းမှု မပေးနိုင်တဲ့ ဘောလုံးသမား တွေကို ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီး မထုတ်သုံးခဲ့ပါဘူး၊ တိုက်စစ်မှူးတွေထဲမှာ ရှက်ဖ်ချင်ကို၊ ကာလူး၊ ဒရော့ဘာ၊ အနယ်လ်ကာတို့ကို စနစ်တကျ ပွဲထုတ်နိုင် ခဲ့တာမို့ အချိန်နဲ့အမျှ အလိုက်သင့် အောင် ပွဲခံနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် ပရီမီယာလိဂ်ရော ချန်ပီယံ လိဂ်မှာပါ ဖလားရယူနိုင်ရေးအကောင်းဆုံး အခြေအနေ ရောက်ရှိနေခြင်းပဲ ဖြစ်ပါ တယ်။

အိပ်မက်မက်ခွင့်

နည်းပြ ဂရန့်ဟာ ချယ်လ်ဆီးကို ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲအထိ အနိမ့် ဆုံး ရောက်ရမယ်လို့ နည်းပြတာဝန် စယူ ကတည်းက ကတိပေးထားခဲ့တာကို အခု တော့ လက်တွေ့ အကောင်အထည်ဖော် နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့် ချန်ပီယံ လိဂ်ဖလား ရယူရေးအတွက် ချယ်လ်ဆီး ပရိသတ်တွေ အိပ်မက်မက်ခွင့် ရရှိနေပြီ ဖြစ်ပါတယ်။

အခိုင်အမာပြောကြား

ချယ်လ်ဆီးဟာ ဧပြီ ၁၄ရက်**(ယနေ့)** မှာ ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ဝီဂန်အသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ ဝီဂန်အသင်းနဲ့ ဆုံတိုင်း ချယ်လ်ဆီးတို့ နိုင်ပွဲရခဲ့တာ ချည်းဖြစ်ပေမယ့် ဒီပွဲကို အမာခံလူတွေ အကုန်ထုတ်သုံးပြီး အမှတ်ပြည့် ယူမယ် လို့ နည်းပြဂရန့်က အခိုင်အမာပြောကြား ထားပါတယ်။

ဖိအားပေး

ချယ်လ်ဆီးရဲ့ နောက်ဆုံးကစားခဲ့တဲ့ ခြောက်ပွဲရလဒ်မှာ လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားပေမယ့် ဒဏ်ရာအနာတရ မရှိတဲ့ ကစားသမားတွေကြောင့် ဒီပွဲမှာ နည်းပြဂရန့် ဝီဂန်ကို အနိုင်ကစားပြီး မန်ယူကို ဆက်ပြီးဖိအားပေးမှာ သေချာပါ တယ်။

ဖြည်းဖြည်းချင်း ရှေ့ကို လှမ်းနေတဲ့ နည်းပြဂရန့်ဟာ ချယ်ဆီးအတွက် ဆုဖလား ဘယ်လိုယူပေးနိုင်မလဲဆိုတာ စောင့်ကြည့် ရမှာဖြစ်ပါတယ်။ ။

မောင်မောင်မြင့်ဆွေ

ကလင်တန်ဝုဒ် (ယာ) နှင့် အန်တိုနီရိုတာဗာတို့ ဤသို့ အကြိတ်အနယ် ထိုးသတ်ခဲ့ကြသည်။ (ဓာတ်ပုံအင်တာနက်)

အိုင်ဘီအက်ဖ်လိုက်ဖ်ဟဲဗီးဝိတ် ချန်ပီယံကလင်တန်ဝုဒ် စိန်ခေါ်သူ နီရိုတာဗာအား အမှတ်ဖြင့် ရှုံးနိမ့်

လန်ဒန် ဧပြီ ၁၃

အင်္ဂလန်နိုင်ငံ တန်ဖာမြို့တွင် ဧပြီ၁၃ရက်က ကျင်းပသော ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် (အိုင်ဘီအက်ဖ်) လိုက်ဖ်ဟဲဗီးဝိတ်ချန်ပီယံ ကလင်တန်ဝုဒ်နှင့် စိန်ခေါ်သူ အန်တိုနီရိုတာဗာတို့ လက်ဝှေ့ပွဲ၌ စိန်ခေါ်သူ အန်တိုနီရိုတာဗာက အမှတ်ဖြင့် အနိုင်ရရှိသွားသည်။

ထိမှန်

ကလင်တန်ဝုဒ်သည် ပထမအချီ၌ အသာစီးမှထိုးသတ်နိုင်ခဲ့သော်လည်း ဒုတိယနှင့် တတိယအချီတို့တွင် နီရိုတာဗာ၏ လက်သီးချက်များက ကလင်တန်ဝုဒ်၏မျက်နှာသို့ အဆက်မပြတ်ထိမှန်ခဲ့သည်။

အနိုင်ပေး

အကဲဖြတ်ဒိုင်လူကြီးများက အန်တိုနီရိုတာဗာအား ၁၁၆-၁၁၂၊ ၁၁၇- ၁၁၁၊ ၁၁၉-၁၀၉ဖြင့် အနိုင်ပေးခဲ့သည်။ ကလင်တန်ဝုဒ်သည် ယခုပွဲ၌ အမှတ်ဖြင့်ရှုံးခဲ့ပြီး ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၏ လိုက်ဖ်ဟဲဗီးဝိတ်ချန်ပီယံခါးပတ်ကို နီရိုတာဗာအား လွှဲပြောင်းပေးလိုက်ရပြီဖြစ်သည်။

အကောင်းဆုံး

လက်ဝှေ့ပွဲအပြီး အနိုင်ရရှိခဲ့သော အသက်၃၅နှစ်အရွယ် အန်တိုနီရိုတာဗာက မိမိသည် ကမ္ဘာ့လိုက်ဖ်ဟဲဗီးဝိတ်တန်းတွင် အကောင်းဆုံးလက်ဝှေ့သမား အဖြစ် သက်သေပြနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မိမိသည် ချန်ပီယံခါးပတ်ကို အချိန်ကြာမြင့်စွာ ထိန်းသိမ်း နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

(အင်တာနက်)

မြန်မာ့အလင်း အင်တာနက်သတင်းအတိုအထွာ

- ■ ဘလက်ဘန်းအသင်း၏ ဘောလုံးကြယ်ပွင့် ဒေးဗစ်ဘင်တလေသည် ယခု နွေရာသီတွင် ပရီမီယာလိဂ်အသင်းကြီးများဖြစ်သည့် လီဗာပူး သို့မဟုတ် ချယ်လ်ဆီးသို့ပေါင် ၁၅သန်းဖြင့် ပြောင်းရွှေ့မည်ဟု ဆိုနေသည်။
- ❖ **စပါးအသင်းသည် ပေါင် ၇သန်းဖြင့်ဝယ်ယူထားသော အသက် ၂၂နှစ်အရွယ်ရှိ ပြင်သစ်လူငယ်အသင်းခေါင်းဆောင် ယူနက်စ်ကာဘိုးလ်အား ရောင်းချမည် ဟုဆိုသည်။**
- ■ မန်စီးတီးအသင်းသည် ချယ်လ်ဆီးအသင်းမှ ရိုက်ဖီးလစ်အား ယခုနွေရာသီတွင် ပေါင် ၁၀သန်းဖြင့် ခေါ်ယူရေး အပြီးသတ်ဆွေးနွေးနိုင်မည်ဟု ဆိုသည်။
- ❖ **စပိန်နှင့်မန်ယူအသင်း ဗဟိုခံစစ်မှူး ပီကေးအား ဘာစီလိုနာအသင်းက ပြန်လည်ခေါ်ယူစာချုပ်လိုကြောင်း ကြေညာခဲ့ပြီး နောက်ပိုင်းတွင် ၄င်းအနေဖြင့် လာမည့်အနာဂတ်တွင် မန်ယူ၌ဆက်ကစားရေး စဉ်းစားနေပြီဟု ဆိုသည်။**
- ■ မန်ယူအသင်းနှင့် အာဆင်နယ်အသင်းတို့သည် ကာဒစ်ဖ်စီးတီးမှ အသက် ၁၇နှစ်အရွယ်ရှိ လူငယ်ကြယ်ပွင့် အရွန်ရမ်ဆေးအား ခေါ်ယူရေး အပြိုင် ချဉ်းကပ်နေကြသည်။
- ❖ **မန်ယူအသင်းသည် စပို့တင်းလစ္စဘွန်းမှ ပေါင် ၁၅သန်းတန် နောက်တန်း ခံစစ်မှူး မီဂွယ်ဗီလိုဆိုကို မျက်စိကျနေသည်။**
- ■ အက်စတွန်ဗီလာနည်းပြ မာတင်အိုနေးလ်သည် ၄င်းအသင်း၏ လူငယ် ကစားသမား အဘွန်လဟောနှင့်အက်ရှ်လေယန်းတို့ကို နှစ်ရှည်စာချုပ် ထပ်မံ ချုပ်ဆိုလိုသည်ဟု ဆိုသည်။

ပြင်သစ်တင်းနစ်မယ် မော်ရက်စမို ချန်ပီယံရှစ်ပြိုင်ပွဲမှ ထွက်ခဲ့ရ

ဖလော်ရီဒါ ဧပြီ ၁၃

ကမ္ဘာ့အဆင့်၁၁ရှိ ပြင်သစ် တင်းနစ် အားကစားမယ် မော်ရက်စမိုသည် ဖလော် ရီဒါပြည်နယ် အမီလီယာကျွန်း၌ ယှဉ်ပြိုင် ကစားသည့် ချန်ပီယံရှစ်တင်းနစ် ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲတွင် ဆလိုဗားကီးယား မှ စီဘူကိုဗာအား ရှုံးနိမ့်ခဲ့၍ ပြိုင်ပွဲမှ ထွက်ခဲ့ရပြန်ပြီ ဖြစ်သည်။

ရှုံးနိမ့်သွား

၂၀၀၁ခုနှစ်က ယင်းပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးခဲ့သော မော်ရက်စမို သည် ၆-၁၊ ၇-၆(၈-၆)ဖြင့် ရှုံးနိမ့်သွား ချိန်တွင် စီဘူကိုဗာသည် ပြင်သစ်မှ အော်ဖေးကော်နက်နှင့် အကြိုဗိုလ်လုပွဲ ကစားရန် ခိုင်မာစေခဲ့သည်။

ရုရှား ထိပ်တန်းတင်းနစ်မယ် ရာရာ ပိုဗာသည် အမေရိကန်တင်းနစ်မယ် လင်

ပြင်သစ်တင်းနစ်မယ် မော်ရက်စမို

ဆေးဒေဗင်ပို့တ်နှင့် အကြိုဗိုလ်လုပွဲ ကစားရ မည်ဖြစ်သည်။ ဒေဗင်ပို့တ်သည် ရာရာပိုဗာ နှင့် ခြောက်ကြိမ်ဆုံတွေ့ရာတွင် ငါးကြိမ် ရှုံးခဲ့သည်။ မကြာမီက ကစားခဲ့သော ဩစတြေးလျ အိုးပင်းတွင် ရာရာပိုဗာကို ရှုံးနိမ့်ထားသည်။

ရှော်လ်ကေးခြေစွမ်းမပြနိုင်၊ ဝါဒါဘရီမင်ဂိုးပြတ်သွင်းပြီး ဒုတိယနေရာယူ

ဘာလင် ဧပြီ ၁၃

ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ် (၂၈) ဘောလုံးပြိုင်ပွဲများကို ဧပြီ ၁၂ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ဝါဒါဘရီမင်က ရှော်လ်ကေးအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး အမှတ်ပေးဇယားတွင် ဘိုင်ယန်မြူးနစ်နောက် ဒုတိယနေရာသို့ ရောက်ရှိလာသည်။

ဝါဒါဘရီမင်မှ ကလာစနစ် (ဝဲ) က ရှော်လ်ကေး ဂိုးသမားနှင့် တစ်ဦးချင်း တွေ့ဆုံစဉ် ဤသို့ ဂိုးသွင်းယူခဲ့သည်။

(ဓာတ်ပုံအင်တာနက်)

ရှော်လ်ကေးအသင်းသည် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်တွင် ဘာကာကို ရှုံးနိမ့် ခဲ့ပြီးနောက် ခြေစွမ်းမပြနိုင်ဘဲ ရှိသည်။ ပထမပိုင်းတစ်ချိန်လုံး ဝါဒါဘရီမင်အသင်း က ဖိကစားနိုင်ခဲ့သည်။

ခေါင်းတိုက်သွင်း

ဝါဒါဘရီမင်အသင်း ခေါင်းဆောင် ဘောမန်းသည် ပွဲချိန် ၁၉မိနစ်တွင် ဖင်လန်လက်ရွေးစင် နောက်တန်း ကစား သမား ပက်ထရီပါဆာနင် ဖြတ်တင်ပေး သော ဘောလုံးမှတစ်ဆင့် ခေါင်းတိုက် ဂိုးသွင်းပေးလိုက်ရာ ပရိသတ် ၄၂၁၀၀လုံး မှာ သောသောညံအောင် အားပေးခဲ့သည်။

ချေပဂိုး

အိုင်ဗရီကို့စ် တိုက်စစ်မှူးဆာနိုဂိုက ပွဲချိန် ၃၂မိနစ်တွင် ဝါဒါဘရီမင်အသင်း အတွက် ဒုတိယမြောက်ဂိုးကို သွင်းယူခဲ့ သည်။ ယင်းနောက်ရှော်လ်ကေးအသင်း ခေါင်းဆောင်မာဆယ်လိုဘော်ဒွန်ချေပဂိုး သွင်းယူသော်လည်း ဂိုးမရခဲ့ပေ။ ပထမ ပိုင်း ပွဲမပြီးမီ ရှော်လ်ကေးအသင်းအတွက် ချေပဂိုးကို ကီဗင်ကူရန်နီက သွင်းယူခဲ့ လေသည်။

ဂိုးဆက်တိုက်သွင်း

ဝါဒါဘရီမင်အသင်းသည် ဒုတိယ ပိုင်းတွင် ဆက်လက်ခြေစွမ်းပြကစားပြီး ရိုစင်ဘတ်က ဘိုရောစကီး ဖြတ်တင်ပေး သော ဘောလုံးမှတစ်ဆင့် တစ်ဂိုးသွင်းယူ လိုက်ပြန်သည်။ ယင်းနောက် အရန်ခုံမှ လူစား ဝင်လာသော ကလာစနစ်က ဝါဒါ အတွက်နှစ်ဂိုးဆက်တိုက် သွင်းယူသွားခဲ့ သည်။

တစ်ပွဲလျော့

ပွဲအပြီး ငါးဂိုး-တစ်ဂိုးဖြင့် အနိုင် ရလိုက်သော ဝါဒါဘရီမင်သည် ဘိုင်ယန် မြူးနစ်အသင်းနောက်မှ ခုနစ်မှတ်အကွာ ဖြင့် လိုက်နိုင်ခဲ့သည်။ ဘိုင်ယန်မြူးနစ်က တစ်ပွဲလျော့ကစားပြီးချိန်တွင် ရမှတ် ၅၇ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင် နေသည်။ ရှော်လ်ကေးအသင်းမှာ ရမှတ် ၄၈မှတ်ဖြင့် တတိယနေရာ၌ ရပ်တည် လျက် ရှိသည်။ **(အင်တာနက်)**

မြင့်မောင်စိုး စုစည်းသည်

မက္ကဆီကိုနည်းပြရာထူးအတွက် မော်ရင်ဟိုအား ဆက်သွယ်

မက္ကဆီကိုစီးတီး ဧပြီ ၁၃

လာမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် မက္ကဆီကိုအသင်းနည်းပြခန့်အပ်ရန် ဆက်သွယ် ထားသော နည်းပြများတွင် မော်ရင်ဟိုနှင့် မာဆဲလ်လိုလစ်ပီတို့လည်း ပါဝင်ကြောင်း မက္ကဆီကိုဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဂျူစတင်နီက ထုတ်ဖော်ပြောကြားလိုက်သည်။

နည်းပြလိုအပ်နေ

မက္ကဆီအသင်းနည်းပြ ဟူဂိုဆန်ချက်သည် ပြီးခဲ့သောလက နည်းပြအဖြစ်မှ နုတ်ထွက် သွားပြီးနောက် မက္ကဆီကိုအသင်း၌ နည်းပြလိုအပ်နေကြောင်း အသင်းအတွင်းရေးမှူး ဒီစီယိုဒီမာရီယာက ပြောကြားသည်။

ဆက်သွယ်ထား

မော်ရင်ဟိုသည် ယခုနှစ်အစောပိုင်းက ချယ်လ်ဆီးအသင်းမှ ထွက်ခွာခဲ့သည်။ မက္ကဆီကို နည်းပြတာဝန်ပေးရန် ဆက်သွယ်ထားသော နည်းပြများတွင် ကမ္ဘာကျော် နည်းပြများဖြစ်သည့် ပေါ်တူဂီနည်းပြ စကိုလာရီလည်း ပါဝင်သည်ဟုဆိုသည်။

ပြင်ဆင်ထား

မိမိတို့သည် စကိုလာရီနှင့် လစ်ပီတို့အား နည်းပြကိစ္စအတွက် ဆွေးနွေးရန် ပြင်ဆင် ထားပြီ ဖြစ်ကြောင်း၊ မော်ရင်ဟို နှင့်လည်း တွေ့ဆုံဆွေးနွေးရန် တိုင်ပင်သွားမည်ဖြစ် ကြောင်း မက္ကဆီကို ဘောလုံးဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။ (အင်တာနက်)

မျှော်လင့်ထား

အသက် ၃၁နှစ်ရှိပြီဖြစ်သော ဒေဗင် ပို့တ်သည် ကလေး မွေးဖွားပြီးနောက် တင်းနစ် ပြန်ကစားခဲ့ရာတွင် ၂၀၀၈ ခုနှစ်အတွင်း ဖလားနှစ်လုံး ဆွတ်ခူးထား ပြီဖြစ်သည်။ ၄င်းသည် အဆိုပါပြိုင်ပွဲတွင် ၁၉၉၇၊ ၂၀၀၄နှင့် ၂၀၀၅ခုနှစ်များက ချန်ပီယံ ဆုဖလား ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်၍ စတုတ္ထ အကြိမ်မြောက် ဖလားဆွတ်ခူးရန် မျှော်လင့် ထားသူဖြစ်သည်။

(အင်တာနက်)

(၄၁)နှစ်မြောက်မင်္ဂလာဆုတောင်း

ချစ်သောဖေဖေနှင့် မေမေတို့၏ ၁၄-၄-၂၀၀၈ရက်တွင် ကျရောက်သော (၄၁)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောမိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားသမီးများ-

ကိုညီ-မသီတာ၊ ကိုမင်းနေ၊
ကိုဘုန်း- မစပယ်။

ချစ်မြေးများ-

ကြာညို၊ သဲသဲ၊ ဖိုးသင်္ကြန်၊ ဖိုးလပြည့်။

မွေးနေ့ဆုမွန်

သားလေး မောင်သက်ထူးဟန်၏ ဧပြီ ၁၄ရက်တွင် ကျရောက်သော (၂)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် ဖေဖေ၊ မေမေနှင့်အတူ ပျော်ရွှင်အေးချမ်းပြီး ထူးချွန်၍ သာယာချမ်းမြေ့သောဘဝကိုပိုင်ဆိုင်ပြီး တတ်သိလိမ္မာသည့် သားလေးအဖြစ် အောင်မြင်မှုအပေါင်းများစွာ ရရှိနိုင်စေရန် ဆုမွန်ကောင်း တောင်းလျက်-

ဖေဖေ - ဗိုလ်မှူး ကျော်မင်းဟန်
မေမေ - ဒေါ်လွဲလွဲယဉ်။

အမည်ဖြည့်စွက်ခေါ်ပါရန်

တောင်ငူမြို့၊ ၄ ရပ်ကွက်၊ အမှတ်၄/၁၆၊ ဗိုလ်မှူးဖိုးကွန်းလမ်းနေ ကျွန်တော် ဦးရဲဝင်းအား ဦးတီတီးဟု အမည်ဖြည့်စွက်ခေါ်ပါရန်။ **ဦးရဲဝင်း(ခ)ဦးတီတီး ၇/တငန(နိုင်)၀၆၃၈၆၆။**

အမည်ပြောင်း

အဖ ဦးသန်းဦး၏သမီး ဖောင်တော်သီမြို့ အထက(နဝမတန်း)မှ မသင်းသင်းခိုင်အား ယနေ့မှစ၍ မငြိမ်းစုဆွေဇင်ဟု ပြောင်းလဲခေါ်ပါရန်။
မငြိမ်းစုဆွေဇင်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်စိုင်းအောင်မင်း၏ P.PNO 800952 သည် ကမာရွတ်မြို့နယ်တွင် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ စိုင်းအောင်မင်း၊ ဖုန်း-၅၆၂၁၁၈။

သင့် သွေးဖြင့် အသက်ကယ်ပါ

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



CONGRATULATION

နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့် **"တော်ဝင်ကေတုမတီ ဟိုတယ်၊ တောင်ငူမြို့"** ကို ၉-၄-၂၀၀၈ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း...

Ruby Dragon Company
ဗိုလ်ကြီးထွန်းထွန်းစိုး-ဒေါ်သက်ထားဆွေ(Hallmark)

အာဆင်နယ်ကိုနိုင်ပြီး မန်ယူတို့ ဖလားရရေး လက်တစ်ကမ်းရောက်လာ

လီဗာပူးတို့ ဘလက်ဘန်းကိုနိုင်ပွဲရပြီး စတုတ္ထနေရာ၌ ဆက်လက်ရပ်တည်

လန်ဒန် ဧပြီ ၁၃

ပရီမီယာလိဂ်ပွဲစဉ်(၃၄) လက်ကျန်ပွဲစဉ်အဖြစ် လီဗာပူးနှင့်ဘလက်ဘန်း၊ မန်ယူနှင့် အာဆင်နယ်တို့ ဧပြီ ၁၃ရက်၌ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြရာ လီဗာပူးက ဘလက်ဘန်းကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိပြီး မန်ယူနှင့်အာဆင်နယ်တို့ပွဲ၌ မန်ယူတို့နှစ်ဂိုး-တစ်ဂိုးဖြင့် အောင်ပွဲခံခဲ့သည်။



မန်ယူနှင့်အာဆင်နယ်တို့ပွဲတွင် စီရိုနယ်ဒိုက ပယ်နယ်တီပြစ်ဒဏ်ဘောကို ဤသို့သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

မန်ယူနှင့် အာဆင်နယ်

မန်ယူတို့အိုးထရက်ဖို့ဒ်၌ ကစားရသော်လည်း အမာခံဘောလုံးသမားများ အကုန်ထုတ်သုံးခဲ့သည်။တိုက်စစ်တွင် ပက်ဂျီဆန်နှင့်ရွန်နေတို့အတွဲကို တင်ကာ ကွင်းလယ်၌ စီရိုနယ်ဒို၊ ဟားဂရေ့ဗ်၊ ပေါလ်စခိုးလ်နှင့် ကာရစ်တို့ဖြင့် ဝိုင်းရံထိုးဖောက်ခဲ့ရာ မန်ယူတို့ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ကစားနိုင်ခဲ့သည်။

ပရီမီယာလိဂ်ဖလားအတွက် အရေးကြီးသောပွဲစဉ်ဖြစ်ရာ မန်ယူတို့သတိကြီးစွာကစားခဲ့သဖြင့် ဗန်ပါစီနှင့် အဒီဘာယောတို့ဦးဆောင်သော အာဆင်နယ်တိုက်စစ်မှူးများ စိတ်ကြိုက်ကန်သွင်းခွင့် မရရှိခဲ့ချေ။ သို့သော်လည်း အာဆင်နယ်တို့က မာမာတင်းတင်း တုံ့ပြန်ကစားခဲ့သဖြင့် မန်ယူတို့ ပထမပိုင်းပွဲချိန်၌ အပိုင်ကန်သွင်းခွင့် အခွင့်အရေးအချို့ရရှိသော်လည်း အဆုံးသတ်မကောင်းခဲ့သဖြင့် ဂိုးမရရှိခဲ့ခြင်း ဖြစ်သည်။

ပွဲချိန် ၃၆မိနစ်၌ ဗန်ပါစီဖြတ်တင်ပေးလိုက်သော ဘောလုံးကို အဒီဘာယော ကန်သွင်းရာ ဘေးထွက်သွားသဖြင့် မန်ယူတို့ သက်သာခဲ့ရသည်။ ထို့အတူ ပွဲချိန်၄၅မိနစ်၌ စီရိုနယ်ဒိုအဝေးမှ ကန်သွင်းသည့် ဘောလုံးလည်း လွဲချော်သွားရာ မန်ယူတို့ နစ်နာခဲ့ရသည်။ ထို့နောက် အာဆင်နယ်တို့ဆက်တိုက်ထိုးဖောက်ကစားခဲ့ရာ ဒုတိယပိုင်းအစ ပွဲချိန် ၄၉မိနစ်တွင် အာဆင်နယ်တိုက်စစ်မှူး အဒီဘာယောက ခေါင်းတိုက်သွင်းယူခဲ့သဖြင့် အာဆင်နယ်တို့ အဖွင့်ဂိုးရရှိခဲ့သည်။

ချေပဂိုးရရှိ

မန်ယူတို့ အဖွင့်ဂိုးပေးလိုက်ရသဖြင့် ချေပဂိုးရရှိရေး ထိုးဖောက် ကစားခဲ့ရာ အာဆင်နယ် ဂိုးဧရိယာအတွင်း ဂါးလက်စ်၏ လက်ထိဘောဖြင့် မန်ယူတို့ပယ်နယ်တီ ရရှိသည်။ ထိုပယ်နယ်တီကို စီရိုနယ်ဒို ကန်သွင်းရာ အာဆင်နယ်ဂိုးသမား လေမန်းနှင့် စီရိုနယ်ဒိုတို့ နှစ်ဦးစလုံး အနေအထားမှန်ကန်မှုမရှိသဖြင့် နောက်တစ်ကြိမ် စီရိုနယ်ဒို ထပ်ကန်သွင်းရာမှ မန်ယူတို့ ချေပဂိုးရရှိခဲ့သည်။

ယခုဂိုးသည် စီရိုနယ်ဒို၏ မန်ယူအတွက် ပရီမီယာလိဂ်၌ ၂၈ဂိုး မြောက်သွင်းဂိုးလည်း ဖြစ်ခဲ့သည်။

မန်ယူတို့ပွဲချိန် ၅၅မိနစ်တွင် ပေါလ်စခိုးအစား အန်ဒါဆင်၊ ပက်ဂျီဆန်အစား တီဗက်ဇ်တို့ကို အစားထိုးကစားခဲ့ရာ ကစားကွက်မြန်လာပြီး အာဆင်နယ်ဘက်သို့ ပိုမိုထိုးဖောက်ကစားလာနိုင်ခဲ့သည်။ ၆၄မိနစ်တွင် မန်ယူတိုက်စစ်မှူး တီဗက်ဇ် အာဆင်နယ် ဂိုးဧရိယာအစပ်မှ အမှတ်မထင်ကန်သွင်းရာ ဂိုးတိုင်နှင့်ကပ်လွဲသွားသဖြင့် မန်ယူတို့နစ်နာခဲ့ရသည်။

ကာကွယ်နိုင်

ထို့နောက်အာဆင်နယ်တိုက်စစ်မှူး အဒီဘာယော၊ ဘင့်တနာတို့အုပ်စုဖွဲ့ ထိုးဖောက်ကစားရာ ဖာဒီနန်အမှားကို ဂိုးသမား ဗန်ဒါဆာ ကာကွယ်နိုင်သဖြင့် မန်ယူတို့ကံကောင်းသွားခဲ့သည်။ မိနစ် ၇၀၌ ရွန်နေ ဂိုးဧရိယာအစပ်မှ အပိုင်ကန်သွင်းချက်ကို ဂိုးသမား လေမန်း ကာကွယ်နိုင်ခဲ့သဖြင့် အာဆင်နယ်တို့ သက်သာရ ရခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၇၁မိနစ်တွင် မန်ယူတို့ အာဆင်နယ် ဂိုးဧရိယာအစပ်မှ အလွတ်တည်ကန်ဘော ရရှိခဲ့ရာ စီရိုနယ်ဒိုနှင့် ဟားဂရေ့ဗ်တို့ ရပ်နေရာမှ ဟားဂရေ့ဗ်က ညာခြေဖြင့် ကန်သွင်းရာ အာဆင်နယ်ဂိုးသမား လက်ပင်မပြောက်လိုက်ရဘဲ ဂိုးဝင်သွားရာ အာဆင်နယ် ပရိသတ်လည်း ပါးစပ်အဟောင်းသား ဖြစ်ခဲ့ရပြီး မန်ယူတို့ ဒုတိယဂိုးရရှိခဲ့သည်။

အိပ်မက်ပျက်ပြယ်

အာဆင်နယ်တို့ ချေပဂိုး ရရှိရေး ကြိုးစားတိုက်စစ်ဆင်ခဲ့ရာ ပွဲချိန် ၈၉မိနစ်၌ အာဆင်နယ်တိုက်စစ်မှူး ဘင့်တနာအနီးကပ်ခေါင်းတိုက်သွင်းမှုကို မန်ယူဂိုးသမား ဗန်ဒါဆာ ကာကွယ်နိုင်ခဲ့သလို မန်ယူနောက်တန်း အမှားများကိုလည်း ဗန်ဒါဆာ ကာကွယ်ပေးနိုင်ခဲ့သဖြင့် မန်ယူတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ထိုက်ထိုက်တန်တန် နိုင်ပွဲရရှိခဲ့ပြီး ပရီမီယာလိဂ်ဖလား ရယူရေး ဆုံးဖြတ်ချက်ကို ဖြတ်ကျော်နိုင်ခဲ့သည်။ အာဆင်နယ်တို့ ယခုပွဲရှုံးသဖြင့် မန်ယူနှင့် ကိုးမှတ်ကွာသွားပြီ ဖြစ်ရာ ပရီမီယာလိဂ်ဖလားရယူရေး အိပ်မက် ပျက်ပြယ်သွားပြီ ဖြစ်သည်။

လီဗာပူးနှင့် ဘလက်ဘန်းတို့ပွဲတွင် လီဗာပူးတိုက်စစ်မှူး တောရက်စ်(အလယ်)ဤသို့ ထိုးဖောက်ကစားခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

လီဗာပူးနှင့် ဘလက်ဘန်း

လီဗာပူးတို့ အန်ဖီးလ်၌ ဘလက်ဘန်းကို အသာစီးမှ ကစားနိုင်ခဲ့သည်။ ၄-၃-၃ အခင်းအကျင်းဖြင့် တိုက်စစ်တွင် ဘာဘယ်လ်၊ တောရက်စ်၊ ဒရက်ကွတ်တို့ကို အပြည့်ထုတ်သုံးခဲ့သော ဘင်နီတက်ဇ်၏ ဗျူဟာကြောင့် လီဗာပူးတို့ ဘောလုံးပိုင်ဆိုင်မှုများဖြင့် ဘလက်ဘန်းဘက်သို့ အပိုင်ကန်သွင်းခွင့် ၁၇ကြိမ် ရရှိခဲ့ပြီး လွတ်လွတ်ကျွတ်ကျွတ် ကိုးကြိမ်ကန်သွင်းခွင့် ရရှိခဲ့သည်။

အဖွင့်ဂိုးရရှိ

ပွဲချိန် ကိုးမိနစ်၌ တောရက်စ်၏ ခေါင်းတိုက်ချက်၊ ၃၉မိနစ်၌ ဂျရတ်၏ အလွတ် တည်ကန်ဘောနှင့် ၄၅မိနစ်၌ အလွန်ဆို၏ အပိုင်ကန်သွင်းချက်များ လွဲချော်ခဲ့သဖြင့် လီဗာပူးတို့ ဂိုးရရှိရေး နစ်နာခဲ့ရသည်။ ပထမပိုင်းပွဲချိန်အတွင်း လီဗာပူးတို့ ဂိုးမသွင်းနိုင်ဘဲ ဖြစ်နေရာမှ မိနစ် ၆၀၌ ကွင်းလယ်ကစားသမား ဂျရတ်က ဘလက်ဘန်းဂိုးနှင့် ခြောက်ကိုက်အကွာမှ ညာခြေဖြင့် အနိမ့်ဘော ကန်သွင်းယူခဲ့သဖြင့် လီဗာပူးတို့ အဖွင့်ဂိုးကိုစတင်ရရှိခဲ့သည်။

လီဗာပူးတို့ဆက်တိုက် ဖိကစားခဲ့ရာ ဘလက်ဘန်းနောက်ခံလူ ဆမ်ဘာ၊ နီလ်ဆင်၊ ဝါနော့ခ်တို့ မထိန်းနိုင်ဘဲ ၈၂ မိနစ်၌ လီဗာပူးတိုက်စစ်မှူး တောရက်စ်က တစ်ဂိုး၊ ပွဲချိန် မိနစ်၉၀၌ တောရက်စ်အစား ဝင်ကစားသည့် ဗိုရိုနင်က တစ်ဂိုး သွင်းယူခဲ့သဖြင့် လီဗာပူးတို့ သုံးဂိုးရရှိခဲ့သည်။ ဘလက်ဘန်းအတွက် ချေပဂိုးကို လေလွင့်ချိန်အတွင်း တိုက်စစ်မှူး ဆန်တာခရုဇ်က သွင်းယူပေးခဲ့ခြင်း ဖြစ်ပြီး လီဗာပူးတို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ။

အားကစားဖောင်ပိတ် -မောင်ချစ်ကြည်

၂၀၀၈ အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားပြိုင်ပွဲ မြန်မာနိုင်ငံကိုယ်စားပြု ကမ္ဘောဇအသင်းယှဉ်ပြိုင်မည် ပထမဦးဆုံးယှဉ်ပြိုင်ရသည့် ပြည်ပပြိုင်ပွဲ၌ အောင်မြင်မှုရအောင်ကြိုးစားကစားမည်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - ဖိုးသော်ဇင်
စာမျက်နှာပွဲ့စည်းမှု - ထိန်လင်း

ရန်ကုန် ဧပြီ ၁၂

အာရှဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပတဲ့ အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ(AFC Presidents Cup)အုပ်စုပွဲစဉ်တွေကို ယခု ဧပြီလ အတွင်းမှာ ကျင်းပမှာ ဖြစ်ပါတယ်။ အာရှဘောလုံးအဖွဲ့ချုပ်ဟာ အရင်နှစ်တွေက ဒီပြိုင်ပွဲကို နိုင်ငံရှစ်နိုင်ငံက အသင်းတွေနဲ့သာ ကျင်းပခဲ့ပေမယ့် အခုနှစ်မှာတော့ သုံးနိုင်ငံ ထပ်တိုးပြီး စုစုပေါင်း ၁၁ သင်းနဲ့ ကျင်းပမှာပါ။ ဒီAFC Presidents Cupပြိုင်ပွဲကို မြန်မာနိုင်ငံ ကိုယ်စားပြုအနေနဲ့ ကမ္ဘောဇ ဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပြီး ၂၀၀၆-၂၀၀၇ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲမှာ ဗိုလ်စွဲခဲ့တဲ့ ဘဏ္ဍာ/အခွန်အသင်း ဝင်ရောက် မယှဉ်ပြိုင်တာကြောင့် ဒုတိယဆုရခဲ့တဲ့ ကမ္ဘောဇ ဘောလုံးအသင်းက ယှဉ်ပြိုင်ခွင့်ရရှိခဲ့ တာပဲဖြစ်ပါတယ်။

နည်းစနစ်အကြံပေး ဦးအေးမောင်ကြီးက ဤသို့ သင်ကြားပြသသည်။

AFC Presidents Cup ဆိုတာ…

အာရှဘောလုံးအဖွဲ့ချုပ်(AFC)ဟာ ဒေသတွင်းကလပ်အသင်းတွေအတွက် AFC Champion League ပြိုင်ပွဲ၊ AFC Cup ပြိုင်ပွဲနဲ့ AFC Presidents Cup ပြိုင်ပွဲဆိုတဲ့ ပြိုင်ပွဲသုံးခုကို ကျင်းပပေးလျက် ရှိပါတယ်။ AFC Presidents Cup ပြိုင်ပွဲကိုတော့ ၂၀၀၅ ခုနှစ်မှာ စတင်ကျင်းပခဲ့တာဖြစ်ပြီး AFC ရဲ့ တတိယအဆင့်ရှိတဲ့ ပြိုင်ပွဲကြီး တစ်ခုပဲဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲကို ဘူတန်၊ ကမ္ဘောဒီးယား၊ တရုတ် (တိုင်ပေ)၊ ကာဂျစ်စတန်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာနဲ့ တာဂျစ်ကစ္စတန် နိုင်ငံရှစ်နိုင်ငံက အမှတ်ပေးချန်ပီယံ အသင်းတွေနဲ့ ၂၀၀၅ခုနှစ်ကနေ ၂၀၀၇ခုနှစ်အထိ သုံးနှစ်ဆက်တိုက် ကျင်းပခဲ့ပေမယ့် အခုအကြိမ်မှာတော့ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နဲ့ တာ့ခ်မင်နစ္စတန် သုံးနိုင်ငံကို ထပ်မံဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုခဲ့ပါတယ်။ အဲဒါကြောင့် ၂၀၀၈ AFC Presidents Cup ပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အသင်း ၁၁သင်းရှိလာမှာဖြစ်ပြီး လေးသင်းနှစ်အုပ်စုနဲ့ သုံးသင်းတစ်အုပ်စုခွဲပြီး ကျင်းပသွားမှာ ဖြစ်ပါတယ်။ အုပ်စုတစ်ခုစီက အုပ်စုဗိုလ်သုံးသင်းနဲ့ အကောင်းဆုံး အုပ်စုဒုတိယအသင်း တစ်သင်းတို့ဟာ လာမယ့်စက်တင်ဘာလ ၁၉ရက်မှ ၂၁ရက်အထိ တရုတ်(တိုင်ပေ)မှာ ကျင်းပမယ့် ဆီမီးဖိုင်နယ်နဲ့ ဖိုင်နယ်ပွဲစဉ်တွေကို ဆက်လက် ယှဉ်ပြိုင်ရမှာပါ။

ပြီးခဲ့တဲ့ပြိုင်ပွဲတွေမှာတော့ ကာဂျစ်စတန်နှင့်တာဂျစ်ကစ္စတန် ကိုယ်စားပြုအသင်းတွေက ဗိုလ်စွဲခဲ့ကြပါတယ်။ အောင်မြင်မှုအများဆုံးရထားတဲ့ ကလပ်အသင်းကတော့ ဒိုဒြိုင်းဒိုင်နမို (ကာဂျစ်စတန်) ကလပ်အသင်းဖြစ်ပြီး ၂၀၀၆ ခုနှစ်နဲ့ ၂၀၀၇ ခုနှစ်မှာ နှစ်ကြိမ်ဆက်တိုက် ဗိုလ်စွဲထားပြီး ၂၀၀၅ ခုနှစ်မှာ ဒုတိယဆုရရှိထားပါတယ်။ တာဂျစ်ကစ္စတန် ကိုယ်စားပြု အသင်းတွေဖြစ်တဲ့ ရီဂါတက်အေဇက် ကလပ်အသင်းက ပထမဦးဆုံးအကြိမ် ကျင်းပတဲ့ ၂၀၀၅ ခုနှစ်မှာ ဗိုလ်စွဲခဲ့ပြီး ဗာကေ့အသင်းကတော့ ၂၀၀၆ ခုနှစ်မှာ ဒုတိယဆု ရရှိခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှာ ဒုတိယ ရခဲ့တဲ့ အသင်းကတော့ မာဟင်ဒရာ ရဲတပ်ဖွဲ့(နီပေါ)အသင်းဖြစ်ပါတယ်။

ကမ္ဘောဇနဲ့ အုပ်စု(ဂ)ခရီးလမ်း

၂၀၀၈ AFC Presidents Cup ပြိုင်ပွဲကို အုပ်စုသုံးစုခွဲပြီး ကျင်းပတဲ့နေရာမှာ မြန်မာနိုင်ငံကိုယ်စားပြု ကမ္ဘောဇအသင်းက အုပ်စု(ဂ)မှာ အက်ကာဗက် (တာ့ခ်မင်နစ္စတန်)၊ ရတ်နမ် SC (သီရိလင်္ကာ)၊ထရန်စပို့စ်ယူနိုက်တက်(ဘူလ်တန်) တို့နဲ့ တစ်အုပ်စုတည်း ကျရောက်နေပါတယ်။ နီပေါ(သို့)ဘင်္ဂလားဒေ့ရှ်၌ ကျင်းပမယ့် အုပ်စု (က)မှာ မာဟင်ဒရာရဲတပ်ဖွဲ့(နီပေါ)၊ ရီဂါတက်အေဇက် (တာဂျစ်ကစ္စတန်)၊ WAPDA(ပါကစ္စတန်)၊ အက်ဘာဟာနီ(ဘင်္ဂလားဒေ့ရှ်)၊တရုတ်(တိုင်ပေ)မှာ ကျင်းပမယ့် အုပ်စု(ခ)မှာ လက်ရှိချန်ပီယံ ဒိုဒြိုင်းဒိုင်နမို (တာဂျစ်ကစ္စတန်)၊ နာဂါခရော့ F.C (ကမ္ဘောဒီးယား)နဲ့ ထိုင်ဝမ်ပါဝါ (တရုတ်တိုင်ပေ)တို့ ပါဝင်နေကြပါတယ်။ ကမ္ဘောဇအသင်း ပါဝင်တဲ့ အုပ်စု(ဂ)ပွဲစဉ်တွေကို သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့မှာ ဧပြီ ၂၃ ရက်မှ ၂၇ရက်အထိ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ကမ္ဘောဇအသင်းဟာ ဧပြီ ၂၃ ရက်မှာ အက်ကာမက်အသင်း၊၂၅ ရက်မှာ ရတ်နမ် SC အသင်းနဲ့ ၂၇ရက်မှာ ထရန်စပို့စ်ယူနိုက်တက် အသင်းတို့ ယှဉ်ပြိုင်ကစားရမှာပါ။

ကမ္ဘောဇဘောလုံးအသင်းဟာ ၂၀၀၄-၂၀၀၅ ဘောလုံးရာသီမှာ အဆင့်မြင့်တန်းကို တက်ရောက်လာတဲ့ အသင်းဖြစ်ပြီး ၂၀၀၅-၂၀၀၆ ဘောလုံးရာသီက စလို့ ထိပ်သီးအသင်းတွေကို ခြိမ်းခြောက်ကာ အသင်းကြီးစာရင်းဝင်လာတဲ့ အသင်းပဲဖြစ်ပါတယ်။၂၀၀၅-၂၀၀၆အဆင့်မြင့်တန်း ကွင်းဖွင့်ပြိုင်ပွဲမှာ နာမည်ကြီး ဘဏ္ဍာ/အခွန်ကို အနိုင်ယူကာ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သလို ၂၀၀၆-၂၀၀၇ဘောလုံးရာသီနဲ့

အကောင်းဆုံး ရလဒ်တွေ စွမ်းဆောင်နိုင်ဖို့ ကြိုးစားနေပါတယ်။
ဦးမောင်မောင်လောက်
(အသင်းအတွင်းရေးမှူး)

၂၀၀၇-၂၀၀၈ ဘောလုံးရာသီအဆင့်မြင့်တန်း (မြန်မာလိဂ်) အမှတ်ပေးပြိုင်ပွဲတွေမှာ နှစ်ကြိမ်ဆက်တိုက် ဒုတိယဆုကို ရရှိခဲ့ပါတယ်။ လူငယ်အများနဲ့ ဖွဲ့စည်းထားပြီး တစ်ဟုန်ထိုး ခြေစွမ်းထက်လာတဲ့ အသင်းတစ်သင်း ဖြစ်တဲ့ ကမ္ဘောဇအသင်းဟာ ဒီ AFC Presidents Cup ပြိုင်ပွဲကို ပထမဦးဆုံး ပြည်ပအတွေ့အကြုံအနေနဲ့ ယှဉ်ပြိုင်ခွင့် ရခဲ့တာပါပဲ။ ဒါ့အပြင် ၁၉၉၇ ခုနှစ်နောက်ပိုင်း မြန်မာအဆင့်မြင့်တန်း ကလပ်အသင်းတွေအနေနဲ့ ပြည်ပကလပ်ပြိုင်ပွဲတွေကို ယှဉ်ပြိုင်ခွင့်ရတဲ့ တတိယမြောက်အသင်းတွေပဲ ဖြစ်ပါတယ်။ အာရှအဆင့်မြင့် ပြိုင်ပွဲအနေနဲ့ ဘဏ္ဍာ/အခွန်အသင်း (အာရှကလပ်ချန်ပီယံရှစ် ပြိုင်ပွဲ ၁၉၉၇၊ ၁၉၉၈)၊ မြို့တော် စည်ပင်အသင်း (၁၉၉၈ အာရှကလပ်များ ရှုံးထွက်ပြိုင်ပွဲ) နောက်ပိုင်း ၁၀နှစ်အကြာမှာ ကမ္ဘောဇအသင်းက တစ်ကျော့ပြန် ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းပဲ ဖြစ်ပါတယ်။

ကမ္ဘောဇအသင်းအုပ်စုမှာ တွေ့မယ့် သုံးသင်းထဲက အဓိက ယှဉ်ပြိုင်ရမယ့် အသင်းကတော့ အိမ်ရှင်သီရိလင်္ကာကလပ်အသင်းဖြစ်တဲ့ ရတ်နမ် SC အသင်းဖြစ်လာနိုင်ပါတယ်။ ရတ်နမ် SC အသင်းမှာ သီရိလင်္ကာလက်ရွေးစင် ကစားသမားအများစု ပါဝင်နေပြီး လက်ရှိသီရိလင်္ကာမှ ပရီးမီးယားလိဂ်ပြိုင်ပွဲမှာ အောင်မြင်မှု ရနေတဲ့ အသင်းပဲဖြစ်ပါတယ်။ အဲဒီအသင်းဟာ ပြည်တွင်းအောင်မြင်မှုအနေနဲ့ အမှတ်ပေးချန်ပီယံဆုကို လေးကြိမ်၊ F.A Cupကို လေးကြိမ်နဲ့ ဗိုလ်တကာ့ဗိုလ်ဖလားကို နှစ်ကြိမ် ဆွတ်ခူးရရှိထားပါတယ်။ ရတ်နမ် SC အသင်းဟာ အာရှကလပ်ပြိုင်ပွဲတွေကို ယှဉ်ပြိုင်ခဲ့ဖူးတဲ့ အသင်းတစ်သင်းဖြစ်ပြီး အာရှကလပ်ချန်ပီယံရှစ်ပြိုင်ပွဲကို ၁၉၉၅ခုနှစ်၊ အာရှကလပ်ရှုံးထွက်ပြိုင်ပွဲကို ၁၉၉၅-၁၉၉၆ ဘောလုံးရာသီနဲ့ AFC Presidents Cup ပြိုင်ပွဲကို ၂၀၀၆ နဲ့ ၂၀၀၇ ခုနှစ်တွေမှာ နှစ်ကြိမ်ဆက်တိုက် ယှဉ်ပြိုင် ကစားခဲ့ဖူးပါတယ်။ ပြီးခဲ့တဲ့ ပြိုင်ပွဲမှာတော့ ရတ်နမ် SC အသင်းဟာ ဆီမီးဖိုင်နယ်ကို ရောက်ရှိခဲ့ပြီး ချန်ပီယံဆုရရှိခဲ့တဲ့ ဒိုဒြိုင်းဒိုင်နမိုကို ပယ်နယ်တီနဲ့အရေးနိမ့်ခဲ့ရပါတယ်။ တာ့ခ်မင်နစ္စတန် ကိုယ်စားပြုအသင်းဖြစ်တဲ့ အက်ကာမက် အသင်းကတော့ ၂၀၀၆ ခုနှစ်မှာ စတင်တည်ထောင်ထားတဲ့အသင်းဖြစ်ပါတယ်။ ၂၀၀၇ခုနှစ်ရဲ့အမှတ်ပေးပြိုင်ပွဲမှာ ဗိုလ်စွဲခဲ့တာကြောင့် အခုပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိခဲ့တာပဲဖြစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာ စတင်ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ ရီနောင်းစပို့စ်(ဘူလ်တန်)အသင်းဟာ အခုပြိုင်ပွဲကို လေးကြိမ်ဆက်တိုက် ယှဉ်ပြိုင်ခွင့်ရရှိခဲ့တာပါပဲ။ ဘူလ်တန်နိုင်ငံရဲ့ ပထမတန်းအမှတ်ပေးပြိုင်ပွဲမှာ ၂၀၀၄ ခုနှစ်ကစပြီး ၂၀၀၇ ခုနှစ်အထိ လေးကြိမ်ဆက်တိုက် ဗိုလ်စွဲပြီး အောင်ပွဲတွေ ဆင့်နေပေမယ့် AFC Presidents Cupပြိုင်ပွဲရဲ့ပြီးခဲ့တဲ့ သုံးနှစ်စလုံးမှာတော့ ရလဒ်မကောင်းဘဲ အုပ်စုကနေပဲ ထွက်ခဲ့ရပါတယ်။ အုပ်စုဗိုလ်အသင်းသာ ကျိန်းသေပေါက် ဆီမီးကို တက်ရောက်နိုင်မှာဖြစ်တာကြောင့်ကမ္ဘောဇအနေနဲ့ပွဲတိုင်းကို ရလဒ်ကောင်းတွေထွက်ပေါ်ဖို့ အရေးကြီးပါတယ်။

ပွဲမဝင်ခင် အပြင်ကကျင်းပ

ကမ္ဘောဇအသင်းဟာ ဒီပြိုင်ပွဲမှာ အုပ်စုကကျွတ်ပြီး ဆီမီးဖိုင်နယ်ကို တက်ရောက်နိုင်ဖို့ ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်နေကြပါတယ်။ မတ် ၇ရက်မှာ ကမ္ဘောဇအသင်းရဲ့ အမှတ်ပေးပွဲစဉ်တွေဟာ ပြီးဆုံးခဲ့တာကြောင့် အဲဒီနောက်ပိုင်းမှာ AFC Presidents Cup ပြိုင်ပွဲအတွက် အနားမယူဘဲ ဆက်တိုက် လေ့ကျင့်လျက်ရှိပါတယ်။ အသင်းကို အားဖြည့်တဲ့ အနေနဲ့ အငှားနဲ့ခေါ်ယူထားတဲ့ ထိုင်းဆီးဂိမ်းပြိုင်ပွဲဝင်အသင်းက မြန်မာယူ-၂၃ လက်ရွေးစင် ဆောက်လုပ်ရေးအသင်းမှ ကျော်ဇင်ထက်(ဂိုး)၊ စိုးသီဟအောင်နဲ့ စည်သူသန်း၊

တိုက်စစ်မှူး စည်သူသန်း၏ ဂိုးသွင်းလေ့ကျင့်ဟန်။

လယ်ယာ / ဆည်မြောင်း အသင်းမှ ခင်မောင်လွင်တို့လည်း ရောက်ရှိလာပြီ ဖြစ်တာကြောင့် အင်ပြည့်အားပြည့်နဲ့ လေ့ကျင့်ပြင်ဆင် နေကြပါတယ်။ ကမ္ဘောဇအသင်းကို နည်းစနစ်အကြံပေး ဦးအေးမောင်ကြီးနဲ့ နည်းပြအဖွဲ့ဝင် ဦးသန်းထိုက်၊ ဦးဟန်ထွန်း၊ ဦးသိန်းထွန်းသိန်း(ဂိုး)တို့က ကစားကွက်ပိုင်း၊ နည်းစနစ်ပိုင်းတွေအပြင် ကစားသမား တစ်ဦးချင်းစီရဲ့ duty function တွေ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာတွေကို ပြုပြင်သင်ကြားလေ့ကျင့်ပေးနေပါတယ်။ ကမ္ဘောဇအသင်းအတွင်းရေးမှူး ဦးမောင်မောင်လောက်က **“ကျွန်တော်တို့ အကောင်းဆုံး ရလဒ်တွေ စွမ်းဆောင်နိုင်ဖို့ ကြိုးစားနေပါတယ်။ အသင်းရဲ့လေ့ကျင့်မှုကို အားရမိသလို ကျွန်တော်တို့ အုပ်ချုပ်မှုအဖွဲ့ကလည်း လိုအပ်တာတွေကို ဖြည့်ဆည်းပေးပါတယ်။ ဒါ့အပြင် ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းကလည်း လိုလေသေးမရှိအောင် ပံ့ပိုးအားပေးနေတာကြောင့် ကစားသမားတွေလည်း စိတ်ဓာတ်တက်ကြွနေပါတယ်။ အမှတ်ပေးပွဲတုန်းကလည်း ပွဲစဉ်အလိုက် နိုင်တိုင်းဆုကြေးတွေ ချီးမြှင့်ခဲ့ပါတယ်။ အုပ်စုမှာတွေ့မယ့် အသင်းတွေက နိုင်ငံလက်ရွေးစင်အသင်းမှာ အောင်မြင်မှုကြီးကြီးမားမားမရှိပေမယ့် ကလပ်အသင်း

ခင်မောင်လွင်၏ ဖြတ်တင်ဘော လေ့ကျင့်ဟန်။

တွေဆိုရင် ကောင်းတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ပွဲတိုင်းကို ပေါ့လို့မရပါဘူး၊ အုပ်စုတက်ဖို့ အစွမ်းကုန်ကြိုးစားမှာပါ”** လို့ပြောကြားခဲ့ပါတယ်။

AFC Presidents Cup ပြိုင်ပွဲကို ကမ္ဘောဇအသင်းဟာ ကစားသမား ၂၅ ဦးနဲ့ သွားရောက်ယှဉ်ပြိုင်မှာဖြစ်ပြီး လက်ရွေးစင်နဲ့ သက်တမ်းအလိုက် လူငယ်လက်ရွေးစင် အနေနဲ့ ပြည်ပပြိုင်ပွဲတွေကို သွားရောက်ယှဉ်ပြိုင်ဖူးသူ ၁၂ ဦးလောက်သာ ပါဝင်လာပါတယ်။ ကမ္ဘောဇအသင်းဟာ AFC Presidents Cup ပြိုင်ပွဲမတိုင်မီ အာရှထိပ်သီး ကိုရီးယားနိုင်ငံရဲ့ အူလ်ဆန် တက္ကသိုလ်အသင်းနဲ့ ဖေဖော်ဝါရီ ၁ ရက်က သုဝဏ္ဏဘောလုံးကွင်းမှာ ခြေစမ်းကစားခွင့် ရလိုက်တာကတော့ ပြိုင်ပွဲအတွက် အကျိုးအမြတ် အများကြီး ရလိုက်တာပါပဲ။ နိုင်ငံတကာပွဲ မကစားဖူးသူတွေ ကစားခွင့် ရလိုက်တာဟာ အောင်မြင်မှုရဖို့ ကြိုးစားနေတဲ့ ကမ္ဘောဇကို အထောက်အကူပြုခဲ့တဲ့ ခြေစမ်းပွဲ တစ်ပွဲဖြစ်ခဲ့ပါတယ်။ အူလ်ဆန်နဲ့ ကစားခဲ့တဲ့ ဘဏ္ဍာ/အခွန်၊ စီးပွား/ကူးသန်းနဲ့ ကမ္ဘောဇတို့ သုံးသင်းမှာ ကမ္ဘောဇ တစ်သင်းသာ အနိုင်ရခဲ့ပါတယ်။ အူလ်ဆန်နဲ့ပွဲမှာ ရခဲ့တဲ့ အတွေ့အကြုံတွေ၊ အမှတ်ပေးပြိုင်ပွဲမှာ ဒုတိယရခဲ့တဲ့အရှိန်နဲ့ အငှားနဲ့အားဖြည့်ထားတဲ့ ကစားသမားလေးဦးရဲ့အားတွေ ပေါင်းစပ်လိုက်ရင်တော့ ကမ္ဘောဇအသင်းဟာ အုပ်စုအဆင့်ကိုကျော်ဖို့ မခက်ခဲလောက်ပါဘူး။

ပြိုင်ပွဲဝင်မယ့် ကမ္ဘောဇအသင်း

ပြိုင်ပွဲဝင်မယ့် ကမ္ဘောဇအသင်းရဲ့ အုပ်ချုပ်မှုအဖွဲ့မှာ ဦးမောင်မောင်လောက်၊ ဦးမိုးဆန်းအောင်၊ ဦးသိန်းဇံ၊ နည်းပြအဖွဲ့မှာ ဦးအေးမောင်ကြီး (နည်းစနစ်အကြံပေး)၊ ဦးသန်းထိုက်၊ ဦးဟန်ထွန်းနဲ့ ဦးသိန်းထွန်းသိန်းတို့ ပါဝင်ကြပါတယ်။ အားကစားသမားတွေ အနေနဲ့ကတော့ **ဂိုး**-ကျော်ဇင်ထက်၊ ရဝေဇင်၊ ငွေးလှိုင်ထွန်း၊ **နောက်တန်း** - အေးဆန်း၊ အောင်ကျော်ဦး၊ ဟန်ဝင်းအောင်၊ ဉာဏလွင်၊ ကျော်စွာဝင်း၊ ထွန်းထွန်းနိုင်၊ နိုင်ဇင်၊ အောင်သိုက်၊ **အလယ်တန်း**-ခင်မောင်လွင်၊ စိုးသီဟအောင်၊ အောင်သန်းဝင်း၊ နေဇော်ထက်၊ ရာဇာစိုး၊ နေဝင်း၊အောင်မျိုး၊ ရဲမောင်မောင်၊ လင်းဇော်ထိုက်၊ **ရှေ့တန်း**-ကျော်သီဟ၊ စည်သူသန်း၊ ထွန်းမင်းဦး၊ စိုင်းကျော်သူရအောင်နဲ့ ထွန်းထွန်းနောင်တို့ဖြစ်ကြပါတယ်။

ကမ္ဘောဇအသင်းဟာ အဲဒီပြိုင်ပွဲမှာ အုပ်စုအဆင့်ကျော်လွန်ပြီး အတိုင်းအတာတစ်ခုအထိ အဆင့်တက်လှမ်း နိုင်ခဲ့မယ်ဆိုရင် မြန်မာဘောလုံး လောကအတွက် ကောင်းတဲ့လက္ခဏာပဲ ဖြစ်ပါတယ်။ အဲဒီလိုဆိုရင်တော့ မြန်မာလိဂ် (အဆင့်မြင့်တန်း) အမှတ်ပေးပွဲဟာ ချန်ပီယံဆု အတွက်သာမက ပြည်ပပြိုင်ပွဲဝင်ခွင့်အတွက်ပါ အပြိုင်အဆိုင်ဖြစ်လာနိုင်ပါတယ်။ AFC Presidents Cup ပြိုင်ပွဲဝင်မယ့် ကမ္ဘောဇအသင်းဟာ မြန်မာလိဂ်အသင်းအတွက် မျှော်လင့်ချက်တစ်ခုလေလား ဆိုသည်ကိုမူ·····။

ကမ္ဘောဇအသင်း ကစားရမည့်ပွဲစဉ်ရက်များ

၂၃-၄-၂၀၀၈	ကမ္ဘောဇ-အက်ကာမက်
	ရတ်နမ် SC-ထရန်စပို့စ် ယူနိုက်တက်
၂၅-၄-၂၀၀၈	အက်ကာမက်-ထရန်စပို့စ် ယူနိုက်တက်
	ရတ်နမ် SC -ကမ္ဘောဇ
၂၇-၄-၂၀၀၈	ကမ္ဘောဇ-ထရန်စပို့စ် ယူနိုက်တက်
	ရတ်နမ် SC -အက်ကာမက်

အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ကမ္ဘောဇအသင်း။

ပခုက္ကူမြို့ ငဖောင်ကန်ကျေးရွာ စက်ရေတွင်းဖွင့်

ပခုက္ကူ ဧပြီ ၉

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပခုက္ကူမြို့နယ် ကန်တော်အုပ်စု ငဖောင်ကန်ကျေးရွာ စက်ရေတွင်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ်၂၀ရက်က အဆိုပါ မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဒုတိယရဲမှူးကြီးထွန်းစိန်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင်၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယရဲမှူးကြီးထွန်းစိန်နှင့် ငဖောင်ကန်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အကုန်အကျခံ

အဆိုပါ စက်ရေတွင်းကို ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အဖွဲ့ရန်ပုံငွေကျပ် ၂၃၁၅၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မင်းတပ်မြို့ ခေါနူးစုပ် မြို့ပတ်လမ်း ကတ္တရာခင်း

မင်းတပ် ဧပြီ ၇

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်သည် ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင် လိုက်ပါလျက် မင်းတပ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သည့် ခေါနူးစုမ်မြို့ပတ်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို မတ် ၂၅ ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထန်းနိုင်းက လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော မီးသတ်ဆေးဘူးများဖြင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်

မန္တလေး ဧပြီ ၈

မန္တလေးခရိုင် ပြည်ကြီးတံခွန် မြို့နယ် စက်သုံးဆီအရောင်းဆိုင် အမှတ်-ဝ၆၃၃မှ မန်နေဂျာ၊ ဝန်ထမ်းများနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် လက်တွေ့ မီးငြိမ်းသတ်မှု လေ့ကျင့်ခြင်းကို မတ် ၃၁ရက် နံနက် ၉နာရီက စက်သုံးဆီအရောင်းဆိုင်၌ ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဘုန်းအဲရ်က လောင်စာဆီ ဖြန့်ဖြူးနေစဉ် မတော်တဆ မီးထတောက်နိုင်သော အရာများကို ကြိုတင်ကာကွယ်နည်းနှင့် မီးလောင်မှုဖြစ်ပွားပါက လျှပ်တစ်ပြက်ငြိမ်းသတ်နည်းကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ဆိုင်အတွင်းရှိ ဆီပိုက်လိုင်းများ လျှပ်စစ်ဝိုင်ယာကြိုးများ၊ ဆိုင်ကယ်၊ ကား ဆီထည့်သည့်နေရာများကို စစ်ဆေးပြီး မီးငြိမ်းသတ်ပစ္စည်းများ ထားသိုမှု အခြေအနေများကို အကြံပြု ဆွေးနွေးပြောကြားသည်။

ယင်းနောက် အကြီးတန်းမန်နေဂျာ ဦးဆန်းအောင်ဝင်းက ဝန်ထမ်းများအား မိမိအရောင်းဆိုင်မှ မီးဘေးအန္တရာယ်မဖြစ်ပွားစေရန် အထူးအလေးထား ဆောင်ရွက်ရန် ပြောကြားသည်။

မီးငြိမ်းသတ်မှု

ထို့နောက် ဆိုင်မန်နေဂျာနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးသတ်ဆေးဘူးများကို အသုံးပြုပြီး လက်တွေ့ သရုပ်ပြမီးငြိမ်းသတ်မှုကို ပြသကြသည်။ **(အပေါ်ပုံ) (၁၁၃)**

ပဲခူးတိုင်း ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အမှုဆောင်အရာရှိ ဦးရဲလတ်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးတင်အောင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မတ်၇ရက်က မြို့မဈေးကြီးရှေ့သရုပ်ပြဆောင်ရွက်ရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်စိုး ကြည့်ရှုအားပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

အရာတော်မြို့၌ ကျေးလက်စက်ရေတွင်းဖွင့်

အရာတော် ဧပြီ ၄

အရာတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ငှက်ပျောခြံ ကျေးရွာအုပ်စု တောင်ကုန်းကျေးရွာတွင် အလှူရှင် ဦးထွန်းလှိုင်(MEPE-ငြိမ်း) မိသားစုက အလှူငွေကျပ် ၁၆သိန်းဖြင့်တူးဖော်ခဲ့သည့် နှစ်လက်မ စက်ရေတွင်းကို မတ်၂၇ရက်က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။**(က-ပ)**

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ကံကြီးလမ်း ကတ္တရာထပ်ပိုးလွှာခင်းပြီး လမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၈ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမောင်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးသန်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မင်းကင်းမြို့၌ ကျန်းမာရေးဌာနခွဲဖွင့်

မင်းကင်း ဧပြီ ၃

စစ်ကိုင်းတိုင်း ကလေးခရိုင် မင်းကင်းမြို့နယ် ပျဉ်ကိုင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက်က အဆိုပါ အဆောက်အအုံ၌ ကျင်းပရာ ကျေးလက် ကျန်းမာရေး ဌာနခွဲဆိုင်းဘုတ်ကို မြို့နယ် ဥက္ကဋ္ဌ ဦးညီညီဝင်းနှင့် ကျန်းမာရေးမှူး ဦးဆောင်းဖေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်သူလူထုအား အသိပညာပေး ဆွေးနွေးပွဲကို အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညီညီဝင်းနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ မြို့နယ်မှူး၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ် မြေစာရင်းဦးစီးမှူး၊ မြို့နယ် စိုက်ပျိုးရေး မန်နေဂျာနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က မိမိတို့ဌာနအလိုက် ပြည်သူလူထုအား အသိပညာပေး ဆွေးနွေးကြကြောင်း သိရသည်။

(ဝ၃၃)

မြို့နယ် သတင်းများ

မြင်းခြံမြို့ ရေပေးရေး လုပ်ငန်းဆောင်ရွက်

မြင်းခြံ ဧပြီ ၅

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးလုပ်ငန်းအတွက် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးလေးလွင်သည် မတ်၁၄ရက်က ပုပ္ပားရေစက်ရေပေးဝေမှုကို သွားရောက်ကြည့်ရှုပြီး စက်မှုအင်ဂျင်နီယာများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ပေးသည်။ အဆိုပါ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၇-၂၀၀၈ခုနှစ်အတွင်း ရေဂါလန် ၂၀၀၀၀ဆံ့ မြေအောက်ရေလှောင်ကန်တစ်လုံး တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဝေါမြို့နယ် စည်ပင် သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးသုံးစွဲသော ဆိုင်များ စနစ်တကျ သုံးစွဲမှု ရှိမရှိ၊ ဈေးအတွင်း မီးချိတ်၊ မီးကပ်များ ဆောင်ရွက်ထားမှုနှင့် မီးသတ်ဆေးဘူးများ ထားရှိ မှုတို့ကို ဧပြီ၄ ရက်က အမှုဆောင်အရာရှိနှင့် အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (က-ပ)

ဟိုပင်မြို့ မေတ္တာရိပ် အခမဲ့မျက်စိခွဲစိတ်ကုသမှုဖွင့်

ဟိုပင် ဧပြီ ၆

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ဟိုပင်မြို့ မေတ္တာရိပ် အခမဲ့ဆေးကုခန်းနှင့် အလှူရှင်၊ စေတနာရှင်များ ပူးပေါင်း၍ အခမဲ့ကုသိုလ်ဖြစ် မျက်စိခွဲစိတ်ကုသမှုအစီအစဉ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ရက် နံနက် ၇နာရီက ဟိုပင်မြို့ တေဇခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဟိုပင်မြို့ အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက အမှာစကားပြောကြားပြီး မတည်အလှူရှင် ဦးညွန့်အောင်၊ ဇနီး ဒေါ်ခင်မေစိမ့်တို့က မျက်စိခွဲစိတ်ကုသရန် လှူဒါန်းရခြင်း ဖြစ်ပေါ်လာသည့် ရည်ရွယ်ချက်ကိုလည်းကောင်း၊ မျက်စိအထူးကုဆရာဝန် ပါမောက္ခ ဒေါက်တာကိုလေးက ကြိုဆိုမိတ်ဆက်စကားကိုလည်းကောင်း ပြောကြားကြသည်။

အဆိုပါ မျက်စိခွဲစိတ်ကုသမှုတွင် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဝင်းလှိုင်ဦးဆောင်သောအဖွဲ့က မျက်စိဝေဒနာရှင် ၁၂၀၀ အား မတ် ၂၅ရက်နှင့် ၂၆ရက်တို့က စမ်းသပ်မှုများပြုလုပ်ပြီး မတ် ၂၇ရက်မှ ဧပြီ ၂ရက်အထိ ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ကျောက်ထုမြို့အဝင် ဆိုင်းဘုတ် ပြုလုပ်ထားမှုနှင့် လမ်းမကြီးဘေးဝဲယာ တစ်လျှောက်တွင် ပန်းအလှပင်များစိုက်ပျိုးထားမှုကို ဖေဖော်ဝါရီ ၁၆ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကြည့်ရှုရာ မြို့တာဝန်ခံ ဦးဟန်မြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးအောင်အောင်တို့ ရှင်းလင်းတင်ပြစဉ်။ (က-ပ)

လင်းခေးမြို့၌ ဆောင်းပါးအနှစ်သာရ ပြန်လည်ဆွေးနွေး

လင်းခေး မတ် ၃၀

လင်းခေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်းပါးဖတ်ပွဲနှင့် ဝန်ထမ်းအချင်းချင်း ပြန်လည်ဆွေးနွေးခြင်းကို ဖေဖော်ဝါရီ ၁၃ရက် နံနက် ၁၀နာရီခွဲက အဆိုပါဌာနရှိ စာကြည့်တိုက် ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးတန်တူးက စာတမ်းဖတ်ပွဲနှင့် ဝန်ထမ်းများ အချင်းချင်း ပြန်လည်ဆွေးနွေး ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာကြည့်တိုက် လက်ထောက်(၃) ဒေါ်နန်းအေးခိုင်နှင့် ရုပ်သံကျွမ်းကျင်(၃) ဒေါ်ခင်ချိုထွေးတို့က မြန်မာ့အလင်းသတင်းစာတွင် ပါရှိသော အသီးတစ်ရာအညှာတစ်ခုဒို့ပြည်ထောင်စု ညီနောင်သွေးရင်းသားချင်း လက်တွဲခိုင်မြဲစေ ဆောင်းပါးကို အလှည့်ကျဖတ်ကြားကြပြီး ဝန်ထမ်းများက ဆောင်းပါးပါ အနှစ်သာရကို မည်ကဲ့သို့နားလည်သဘောပေါက်သည့် အကြောင်းများကို အချင်းချင်း အပြန်အလှန် ဆွေးနွေးဟောပြောကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရေးမြို့ ဗိုလ်ချုပ်လမ်း ကတ္တရာဖာထေးမှုကို မတ် ၁၉ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့်တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သီတဂူကြယ်တစ်ပွင့် ဆရာတော် သက်တော်(၄၀)ပြည့် နှစ်ဦးအလှူတော်

ရန်ကုန် ဧပြီ ၁၃

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက် သာသနဓဇဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မကထိကဗဟုဇနဟိတဓရ ဆရာတော် အရှင်ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်)သည် မိမိ၏ သက်တော်(၄၀)ပြည့် မွေးနေ့အထိမ်းအမှတ် နှစ်ဦးအလှူတော်အဖြစ် ကျေးရွာအသီးသီးသို့ ပရဟိတအလှူငွေများ ပေးအပ်လှူဒါန်းသည်။ ထိုသို့လှူဒါန်းရာတွင် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဖိုးဝင်းတပ်ကျေးရွာ ရုံကြယ်ဓမ္မဗိမာန်အတွက် ငွေကျပ်သိန်း၈၀၊ ဝက်လက်မြို့နယ် သာလိုင်းကျေးရွာ ကြယ်တစ်ပွင့်စာသင်ဆောင်အတွက် ငွေကျပ် ၂၅ သိန်း၊ ဝက်လက်မြို့နယ် ရွာသစ်ကျေးရွာ ရုံကြယ်စာသင်ဆောင်အတွက် ငွေကျပ် ၁၅ သိန်း၊ အမရပူရမြို့နယ် ဘနော်ရွာစေတီများ ပြုပြင်ရန်ငွေကျပ် ၁၅သိန်းနှင့် အောင်လံမြို့ ဆွမ်းလောင်းအသင်းအတွက် ငွေကျပ်ငါးသိန်း စုစုပေါင်း ငွေကျပ်သိန်း၁၄၀ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် မိုးညှင်းဝိပဿနာတိုက်သစ်ကြီး၏ မဟာရံတံတိုင်း ဆောက်လုပ်ပြုပြင်ရန်အတွက် နှစ်ဖက်သော မိဘ၊ ဘိုးဘွားများအားဦးထိပ်ထား၍ ဦးကျော်လွင်-ဒေါ်အေးအေးသန့်၊ သား မောင်ဖြိုးလွင်ဦး၊ မောင်ဟိန်းသီဟဇော် မိသားစု ခတ္တာလမ်းက မဟာရံတံတိုင်းတစ်ခန်းအတွက် အလှူငွေကျပ်သုံးသိန်းကို နာယကဆရာတော် မိုးညှင်း အရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

အရာတော် ဧပြီ ၃

မုံရွာခရိုင် အရာတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်မှူးများအား စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ် (၃/၂၀၀၈)ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ရက်က ဝါးတောမကျေးရွာ အထကခွဲကျောင်း၌ ကျင်းပသည်။

ရည်ရွယ်ချက်

အခမ်းအနားတွင် ဝါးတောမကျေးရွာ အုပ်စုတာဝန်ခံ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးတင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်ဝေက စာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့အနယ်နယ် သတင်းများ

ရန်ကုန် ဧပြီ ၁၃

ဘားအံမြို့ မြို့မသာသနာပြုစာသင်တိုက် ချင်းတောင် သာသနာပြုဆရာတော် ဘဒ္ဒန္တတေဇောသာရ (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)သည် ချင်းပြည်နယ်မှ ဓမ္မာစရိယတန်းရောက်တိုင်းရင်းသားရဟန်း၊သာမဏေများနေထိုင်သီတင်းသုံး၍ ပညာသင်ကြားနိုင်ရန်အတွက် ရန်ကုန်တိုင်း တာမွေမြို့နယ် ကျိုက္ကဆံလမ်း အမှတ် ၁၁၄ တာမွေဈေးအနီးတွင် ရတနာလင်္ကာရ သာသနာပြုကျောင်းတော်ကြီးကို ဆောက်လုပ်လျက်ရှိသည်။

ချင်းပြည်နယ် ကျောင်းတော်ကြီးအတွက် အလှူငွေများလှူဒါန်း

ဆက်ကပ်

ကျောင်းတော်ကြီးအတွက် အလှူငွေများကို လှူဒါန်းလျက်ရှိကြရာ ရိပ်သာ(၅)လမ်း ဝေဇယန္တာဉယျာဉ်အိမ်ရာ သဃ်န်းကျွန်းနေ ဖခင်ကြီး ဦးခင်မောင်အားရည်စူး၍ မိခင်ကြီး ဒေါ်ညွန့်နွယ်နှင့် သားသမီး၊ မြေးတစ်စုက အလှူငွေကျပ်သိန်း ၂၅၀၊ ဖခင်ကြီး ဦးမောင်မောင်လင်းအားရည်စူးပြီး မိခင်ကြီး ဒေါ်စူးစူးအား အမှူးထားလျက် ကိုငြိမ်းဇော်လင်း-မနီနီထွေး၊(သား)ပြည့်စုံငြိမ်းမိသားစုက အာကာသသိမ် ၁၀ပေနှစ်ခန်းအတွက် အလှူငွေကျပ် ၁၀သိန်း၊ အမှတ် ၆ သမ္မာဒိဋ္ဌိလမ်း တာမွေမြို့နယ်နေ နှစ်ဖက်ဘိုးဘွား၊ မိဘများအားအမှူးထား၍ ဦးလှအေး-ဒေါ်ငွေငွေရီ၊ (သား)ဗိုလ်ကြီးအေးမင်း၊ကိုအေးထွန်း၊ (သမီး)လဲ့ရွှေစင်အေးမိသားစုက သိမ်အဝင်မုခ်ဦး ၁၂ပေ အခန်းအတွက် ငွေကျပ်ခုနစ်သိန်း၊ အမှတ်(၁၇) ၁၅၅လမ်း တာမွေမြို့နယ်နေ ဦးတင်အောင်အား ရည်စူး၍ ဒေါ်ညွန့်ရီ၊ သားသမီး၊ မြေးတစ်စုက သိမ်တစ်ခန်းအတွက် ငွေကျပ်လေးသိန်း၊ အမှတ်(၁၁၁) ကျိုက္ကဆံလမ်းနေ ဦးစိန်မောင်အားရည်စူး၍ ဒေါ်တင်ရွှေ၊ သားသမီး၊မြေးတစ်စုက မဟာရံတံတိုင်း တစ်ခန်းအတွက် အလှူငွေကျပ်လေးသိန်းနှင့် ဦးစိုးမောင်-ဒေါ်လှတင်တို့အား ရည်စူး၍ ဒေါ်တင်ရွှေမိသားစုက အာကာသသိမ် လေးပေတစ်ခန်းအတွက် ငွေကျပ် သုံးသိန်းတို့ကို သာသနာပြုဆရာတော်ထံ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

ချင်းပြည်နယ် သာသနာပြုကျောင်းတော်ကြီးအတွက် လှူဒါန်းလိုကြသော အလှူရှင်များသည် သာသနာပြုဆရာတော် ဖုန်း-၀၉-၅၀-၁၁၄၂၀၊ ၅၄၅၁၅၃(ရန်ကုန်)နှင့် ၀၇၀-၂၁၁၃၂(ဘားအံ)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မော်လမြိုင်ကျွန်းမြို့ မြို့မ(၁)ရပ်ကွက် ၁လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကိုကိုလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီ အနောက်ဘက်စောင်းတန်းပြုပြင်ရန် ငွေလှူဒါန်း

ပြည် ဧပြီ ၄

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ သမိုင်းဝင်လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ အနောက်ဘက်စောင်းတန်းတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ရွှေဆံတော်ရင်ပြင်တော်ရှိ ဂေါပကအဖွဲ့ရုံးတွင် ကျင်းပရာ ရန်ကုန်မြို့ တေးနုယဉ်လမ်းနေ ဦးအေးထွန်း-ဒေါ်ခင်မျိုးနွယ်၊ သမီး မခင်သင်းသင်း၊ မခင်သူသူ မိသားစုက အလှူငွေကျပ် ၂၉သိန်းကို ပေးအပ်လှူဒါန်းရာ အလှူညံ့ကျဂေါပကအဖွဲ့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။**(အပေါ်ပုံ)**

အလှူရှင်များနေဖြင့် ဖုန်း-၀၅၃-၂၅၀၃၅၊ ၀၅၃-၂၅၁၈၀နှင့် ဂေါပကအဖွဲ့ရုံး ပြည်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (၀၅၇)

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ဖလမ်းခရိုင်တရားရုံး
၂၀၀၇ခုနှစ် တရားမဇာရီမှုအမှတ်-၃၅

မန်နေဂျာ ၁။ ဦးလဲ့ငွေဝင်း
မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၂။ ဒေါ်နီနဲ့မီး
ဟားခါးမြို့။ ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့။

တရားနိုင် **တရားရှုံးများ**

၂၀၀၆ခုနှစ် တရားမ မူလမှုအမှတ်-၃တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် မေ ၁၅ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် ကဆုန်လဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

(က) ဟားခါးမြို့ ပြည်တော်သာရပ်ကွက်ရှိ မြေကွက်အမှတ်(၃၁/က)၊ ဦးပိုင်အမှတ်(၁၆၄)၊ မြေငှားပဋ္ဋာစာချုပ်အမှတ်(၆၈/၉၆)၊ ဧရိယာအတိုင်းအတာ (၄၀ × ၁၀၄ × ၄၀ × ၁၀၀)ပေ၊ဧရိယာ ၀ ဒသမ ၀၉၄ဧကရှိ မြေကွက်။
(ခ) ယင်းမြေကွက်ပေါ်ရှိအိမ်မကြီး (၂၄ × ၂၀ပေ)နှင့်မီးဖိုချောင်(၂၄ × ၂၄)ပေ ပတ်လည်ရှိ သွပ်မိုး၊ ပျဉ်ခင်း၊ တိုက်တစ်လုံး။

လေလံကြမ်းခင်းဈေး ကျပ်၇၅သိန်း။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် မတ် ၂၆ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်အေး
ခရိုင်တရားသူကြီး
ဖလမ်းခရိုင်တရားရုံး။

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ဖလမ်းခရိုင်တရားရုံး
၂၀၀၇ခုနှစ် တရားမဇာရီမှုအမှတ် -၃၉

မန်နေဂျာ ၁။ ဦးတန်ခဲခန်
မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၂။ ဒေါ်မဲင်ကွိအီး
ဟားခါးမြို့။ ပြည်တော်သာရပ်ကွက်၊ဟားခါးမြို့။

တရားနိုင် **တရားရှုံးများ**

၂၀၀၆ခုနှစ် တရားမ မူလမှုအမှတ်-၅တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် မေ ၁၅ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် ကဆုန်လဆန်း ၁၁ရက်) မွန်းမတည့်မီ နံနက် ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

(က) ဟားခါးမြို့ ပြည်တော်သာရပ်ကွက်ရှိ မြေကွက်အမှတ်(၄၅) ဦးပိုင်အမှတ်(၅၉)၊ မြေငှားပဋ္ဋာ စာချုပ်အမှတ်(၁၉/၉၅)၊ ဧရိယာအတိုင်းအတာ (၆၀×၇၅×၈၅×၇၅)ပေ၊ ဧရိယာ ၀ ဒသမ ၁၂၄ ဧကရှိမြေကွက်၊
(ခ) ယင်းမြေကွက်ပေါ်ရှိ အိမ်မကြီး(၂၈ ×၂၂)ပေနှင့်မီးဖိုချောင်(၁၉ × ၁၂)ပေ ပတ်လည်ရှိ သွပ်မိုး၊ ပျဉ်ခင်း၊ တိုက်တစ်လုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း၉၀။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် မတ် ၂၆ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်အေး
ခရိုင်တရားသူကြီး
ဖလမ်းခရိုင်တရားရုံး။

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ခန္တီးမြို့နယ်တရားရုံး
၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ်-၁

ခရိုင်မန်နေဂျာ ၁။ ဦးပွာ
မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၂။ ဒေါ်ကြည်ငွေ
ခန္တီးမြို့။

တရားနိုင် **တရားရှုံးများ**

စစ်ကိုင်းတိုင်းတရားရုံး(မုံရွာမြို့)၏ ၂၀၀၄ခုနှစ် မူလတရားမမှု အမှတ်-၄၂တွင် ချမှတ်ခဲ့သော ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းကို ၂၀၀၈ခုနှစ် ဇွန် ၂ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းများ

ခန္တီးမြို့ ပေါ်မိုင်ရပ်ကွက် အမှတ်-ပ/၁၁၃၊ မြတ်လေးလမ်းရှိ မြေဧရိယာ ၀၀ ဒသမ ၀၉၈ဧက၊ ယင်းမြေပေါ်ရှိ (၆၄ပေ ×၂၇ပေ)၊ (၂၇ပေ × ၁၀ပေ) အမြင့် ၁၈ပေရှိ နှစ်ထပ်တိုက်နံကပ်။ (ခ) (၂၇ × ၁၀)ပေရှိ ရေခဲစက် အဆောက်အအုံနှင့် စက်ပစ္စည်းများအားလုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း၄၀။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ယူလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် မတ် ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းဝင်း
မြို့နယ်တရားသူကြီး
ခန္တီးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၉၄၅၅ Honda Dream 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုး ၁၀/သထန(နိုင်)၀၉၆၃၁၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊
(မော်လမြိုင်မြို့။)

သမီးအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ခြင်း

ကျိုက်ထိုမြို့ တောင်ပိုင်းရပ် သီတာလမ်းနေ ကျွန်မ၏ သမီးဖြစ်သူ မသင်းသင်းနွယ်(ခ)မနွယ်နွယ် ၁၀/ကထန(နိုင်)၀၆၇၂၉၆ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှစွန့်လွှတ်လိုက်သည်။၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

မိခင် - ဒေါ်ကျင်လှိုင်
၁၀/ကထန(နိုင်)၀၆၇၂၉၀
ဦးရပ်ပါးဆေးဆိုင်
ကျိုက်ထို။

14-4 (20).pmd 1 4/14/2008, 2:24 AM

- ❑ မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း . .
- ❑ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း . .
- ❑ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း . .
- ❑ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူတိုင်း . .
- ❑ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း . .

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

- နှစ်ဦးအခါ သည်အတာ ရှိးရာသင်္ကြန် ပျော်စရာ။
- ပျော်ရွှင်ရာမှာ မင်္ဂလာတရား မြန်မာ့ကျက်သရေ တင့်စေသား။

- မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

- ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေအတည်ပြုစို့။

ချစ်စရာကောင်းသော သင်္ကြန်၊ ပျော်စရာကောင်းသော သင်္ကြန် ပြည်သူတစ်ရပ်လုံးပါဝင်နွှဲ၊ ငြိမ့်ငြိမ့်သဲတဲ့ သင်္ကြန်ပွဲ

ပျော်ရွှင်စွာ ရေကစား

သင်္ကြန်အကျနေ့က ကမ္ဘာအေးစေတီလမ်းရှိ **ALPINE** မဏ္ဍပ်အတွင်း ရေပက်ခံကားများ၊ ရေပက်ကြသူများဖြင့် ပျော်ရွှင်စွာ ရေကစား ဖျော်ဖြေနေစဉ်။ (မြန်မာ့အလင်း)

သင်္ကြန်မြင်ကွင်း - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုးနှင့် သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁၃

"အတာသဘင် ချိန်ခါသင့်ပြီမို့၊ မောင်မယ်စုံတူယှဉ်တွဲလို့ရယ်၊ နွှဲကြစို့သင်္ကြန်ပွဲ" ဆိုတဲ့အတိုင်း ဧပြီ ၁၃ ရက်ဟာ သင်္ကြန်အကျနေ့ဖြစ်တာမို့ ရန်ကုန်မြို့တွင်းမှာ နေရာတိုင်း၊ လမ်းတိုင်းမှာ ရေသဘင်ပွဲ ဆင်နွှဲနေသူတွေနဲ့ ပြည့်လျှံစည်ကားနေပါတယ်။

တစ်နှစ်တာကာလတစ်လျှောက် မောခဲ့သမျှ၊ ပန်းခဲ့သမျှတွေကို အတာရေနဲ့ ပက်ဖျန်းပြီး အေးချမ်းမှုကို ရယူခံစားပျော်ရွှင်နေကြသူတွေဟာ ရေကစားမဏ္ဍပ်တွေမှာ ရေပက်ခံမော်တော်ယာဉ်တွေ၊ လမ်းလျှောက် ရေပက်ခံထွက်သူတွေနဲ့ တိုးမပေါက်အောင် စည်ကားနေပါတယ်။

ဆိပ်ကမ်း

ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ကမ်းနားလမ်းထောင့်နဲ့ ပန်းဆိုးတန်းလမ်းထောင့်မှာရှိတဲ့ "ပျော်ပျော်ပါးပါး" ရေကစားမဏ္ဍပ်မှာ သင်္ကြန်ယိမ်းအကနဲ့ သင်္ကြန်မယ်တွေက အကနဲ့ ဖျော်ဖြေသလို ခေတ်ပေါ်တေးဂီတသံစဉ်တွေနဲ့လည်း သီဆိုဖျော်ဖြေကြသူများ၊ မဏ္ဍပ်ရှေ့မှာ ရေပက်ခံရင်းကနေကြသူများ၊ ရေပက်ခံထွက်လာတဲ့ မော်တော်ကားတွေနဲ့ စည်ကားနေပါတယ်။

စာမျက်နှာ ၈ ကော်လံ ၄ ●

- ဒီမိုကရေစီ ရရှိဖို့ မဲရုံသွား၍ မဲပေးစို့။

- ဒီမိုကရေစီ ထွန်းကားရေး အခြေခံဥပဒေအတည်ပြုပေး။